


# ဒီအလုပ် မလုပ်ရင် ကိုယ်ကျိုးနည်းပြီ

ဟောကြားသည့်နေ့

(၁-၁-၆၀)

၁၉၆

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာ(၄)ပါးတရားတော်

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

**မိုးကုတ်ဆရာတော်ဘုရားကြီး**

အမရပူရမြို့၌ ဟောကြားသော တရားတော်

# ဒီအလုပ်မလုပ်ရင် ကိုယ်ကျိုးနည်းပြီ

ဟောကြားသည့်နေ့

(၁ - ၁ - ၆၀)

♣ ♣ ♣ ♣ ♣

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော် ဘုရားကြီး
ဟောကြားတော်မူသော
သစ္စာလေးပါး တရားတော်

မိုးကုတ်ဆရာတော်ဘုရားကြီး၏
ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့၏
မူပိုင်ဖြစ်သည်။


မည်သူမျှ ကူးယူ ထုတ်ဝေခြင်း မပြုရ။



**ထုတ်ဝေသူ**

ဦးအောင်နိုင်မြင့် (မြ- ၀၄၃၇၅)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်
ပြန့်ပွားရေးအဖွဲ့ချုပ်၊
အမှတ် (၈၂)၊ နတ်မောက်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။
☎ - ၅၄၁၈၆၀

**ချုပ်နှောဖုံးနှင့် အတွင်းပုံနှိပ်**

ဒေါ်သင်းသင်းကြိုင် (မြ-၀၃၉၄၅)
ဆန်းမြသီဂီအော့ဖ်ဆက်
အမှတ် (၁၉၉)၊ ၅၁-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
☎ - ၂၉၀၉၃၀၊ ၂၉၁၄၂၄

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားဆုံးမတော်မူသော တရားတော်

# ဒီအလုပ်မလုပ်ရင် ကိုယ်ကျိုးနည်းပြီ

ဟောကြားသည့်နေ့
(၁ - ၁ - ၆၀)

နိဗ္ဗာန်လိုချင်ကြလို့ရှိရင် အရေးကြီးဆုံးအချက်ကို ယနေ့ပြောရလို့ရှိရင် ဒိဋ္ဌိကွာပြီး နိဗ္ဗာန်သိမှ၊ နိဗ္ဗာန်အကြောင်းကို လဲသိမှ၊ ဒိဋ္ဌိလဲကွာ မှလို့ ဒကာကြွယ်၊ ဒကာသစ်တို့ မှတ်ထား ပါနော် . . .။ (မှန်ပါ့)။

## နိဗ္ဗာန်သိမှ ဒိဋ္ဌိကွာမယ်

နိဗ္ဗာန်ကို သဘောမကျလို့ရှိရင်လည်း ဒိဋ္ဌိကမကွာဘူး။ နိဗ္ဗာန်သဘောမကျရင် . . . (ဒိဋ္ဌိကမကွာပါဘုရား)။ အဲတော့ ဒိဋ္ဌိမကွာတဲ့ ပုဂ္ဂိုလ်က နိဗ္ဗာန်လိုချင်လို့ရှိရင်၊ နိဗ္ဗာန်ရချင်လို့ရှိရင် အားလုံးဒကာ ဒကာမတွေမှတ်ကြပါ၊ မရဘူးလို့ မှတ်ထား (မှန်လှပါဘုရား)။

ဒိဋ္ဌိမကွာတဲ့ ပုဂ္ဂိုလ်က နိဗ္ဗာန်လိုချင်ပါတယ်။ ရချင်ပါတယ်လို့ ပြောတာဟာ နိဗ္ဗာန်အကြောင်းကိုလည်း ဒိဋ္ဌိမကွာတဲ့ အတွက် မသိပါဘူး။ မသိတဲ့အတွက်လည်း ဒကာကြွယ်၊ ဒကာသစ်တို့ မရဘူးလို့မှတ် . . . (မှန်လှပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်ကိုလည်း ကျကျနန သိရမယ်။ ဒိဋ္ဌိလည်း ဖြုတ်ရမယ်။ ဒိဋ္ဌိဖြုတ်မှ နိဗ္ဗာန် ရမယ်။ နိဗ္ဗာန်သိမှ ဒိဋ္ဌိပြုတ်မယ် . . . (မှန်ပါဘုရား)။ ဒီနှစ်လုံး ကို အသေအချာမှတ်ပါတဲ့။ ဒီနှစ်လုံးပဲ ပေါ့မှာပဲ . . . (မှန်ပါ ဘုရား)။

## ဒိဋ္ဌိပြုတ်မှ နိဗ္ဗာန်သိမယ်

ဒိဋ္ဌိပြုတ်မှ နိဗ္ဗာန်သိမယ်နော် . . . (မှန်ပါဘုရား)။ နိဗ္ဗာန်ကို ကျကျနနသိထားမှလည်း ဒိဋ္ဌိပြုတ်မယ် . . . (မှန်ပါ

ဘုရား)။ ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်ရောက်ခြင်း၏ အကြောင်းဟာ နှစ်ကြောင်းပေါ့ . . . (မှန်ပါဘုရား)။

နိဗ္ဗာန်သိမှုတစ်နံပါတ် အရေးကြီးတယ်။ နိဗ္ဗာန်သိမှလည်း ဒိဋ္ဌိကိုဖြုတ်နိုင်တယ်။ ဒိဋ္ဌိပြုတ်တဲ့ပုဂ္ဂိုလ်မှလည်း နိဗ္ဗာန်ကို သိနိုင်တယ်။ ဒကာကြွယ် ဘယ်နှစ်ချက်ပါလိမ့် . . . (နှစ်ချက်ပါဘုရား)။ နှစ်ချက်၊ ဒကာသစ်တို့ကော . . . (နှစ်ချက်ပါဘုရား)။

နိဗ္ဗာန်သိမှလည်း ဘာတုံးဗျာ (ဒိဋ္ဌိပြုတ်မှာပါဘုရား) ဒိဋ္ဌိပြုတ်မှာပဲ၊ ဒိဋ္ဌိပြုတ်မှလည်း . . . (နိဗ္ဗာန်သိပါတယ်ဘုရား)။ သြော် . . . ဒါဖြင့် အရေးကြီးပါလား ဒီနှစ်ချက်ဟာဖြင့် ဒီပြင်ဟာတွေထက် ပိုမိုပြီး သကာလ အရေးကြီးပါလားဆိုတာ ဒကာကြွယ်၊ ဒကာသစ်တို့ပေါ်လာတယ် . . . (ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီနှစ်ခုကို ဆရာဘုန်းကြီးက ရှင်းရှင်းလင်းလင်း မပြလို့ရှိရင်ဖြင့် ဒိဋ္ဌိလည်း ပြုတ်တော့မယ် မဟုတ်ဘူး။ ဒိဋ္ဌိပြုတ်သဖြင့်လည်း နိဗ္ဗာန်လည်း သဘောကျမယ် မဟုတ်ဘူး။ နိဗ္ဗာန်သဘောကျအောင် ပြောပြန်လို့ရှိရင်လဲတဲ့ ဒိဋ္ဌိပြုတ်မှပဲ နိဗ္ဗာန်သဘောကျမယ် . . . (မှန်ပါဘုရား)။

## နိဗ္ဗာန်နဲ့ ဒိဋ္ဌိဟာ စပ်နေတယ်

ဒါကြောင့် နိဗ္ဗာန်နဲ့ ဒိဋ္ဌိဟာစပ်နေတယ်လို့ မှတ်ရမယ် . . . (မှန်ပါဘုရား)။ ယမကဆိုတဲ့ရဟန်းအနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ ဒကာကြွယ်၊ ဒကာသစ်လုပ်တယ်နော်၊ အတ္တဒိဋ္ဌိနဲ့ ဉစ္ဆေဒဒိဋ္ဌိရှိနေလို့ အားထုတ်ငြားသော်လည်း ယမကမှာမရဘူး . . . (မှန်ပါဘုရား)။ ယမကဆိုတဲ့ရဟန်းဟာ အတ္တဒိဋ္ဌိနဲ့ ဉစ္ဆေဒဒိဋ္ဌိရှိနေသောကြောင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ လုပ်ငြားသော်လည်း နိဗ္ဗာန်မရဘူး . . . (မှန်ပါဘုရား)။ သဘောပါပြီလား . . . (ပါ,ပါပြီဘုရား)။

## ယမကရဟန်း

ယမက-မှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေတော့ မလုပ်ဘူးလား . . . (လုပ်ပါတယ်ဘုရား)။ အတ္တဒိဋ္ဌိနဲ့ ဉစ္ဆေဒဒိဋ္ဌိရှိနေတဲ့အတွက် နိဗ္ဗာန်မရဘူး . . . (မရပါဘုရား)။ ယမက-ရဟန်းမှာဘာရှိနေလို့ နိဗ္ဗာန်မရပါလိမ့် . . . (အတ္တဒိဋ္ဌိနဲ့ ဉစ္ဆေဒဒိဋ္ဌိပါဘုရား)။ အတ္တဒိဋ္ဌိနဲ့ ဉစ္ဆေဒဋ္ဌိရှိနေတယ် . . . (မှန်ပါဘုရား)။

အဲဒါကြောင့်သူသည် နိဗ္ဗာန်မရဘူး၊၊ ဒကာကြွယ်အရေးကြီးတာပေါ့။ မနေ့က ဟောပြီးသားဖြစ်တဲ့ သုံးရက်တိုင်

တိုင်ဟောလာတဲ့ ဆန္ဒ၊ မြင်းမြီးဆွဲ - ဆန္ဒမှာတော့ ဒကာ ဒကာမတို့ အတ္တဒိဋ္ဌိနဲ့ သဿတဒိဋ္ဌိရှိနေလို့ သူ့အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေလုပ်ပြောသော်လည်း သူလည်း နိဗ္ဗာန်မရောက်ဘူး . . . (မှန်ပါဘုရား)။

## ရှင်အာနန္ဒာကြောင့် ရှင်ဆန္နရသွားတယ်

နောက်ဒါတွေ ဖြုတ်ပေးမှ ရောက်သွားတယ်။ ရှင်အာနန္ဒာ ဖြုတ်ပေးလို့ရောက်သွားတယ် . . . (မှန်ပါ့ဘုရား)။ နဂိုမရောက်တာ ရှင်ဆန္နမှာတော့ အတ္တဒိဋ္ဌိနဲ့ သဿတဒိဋ္ဌိရှိနေလို့မရောက်ဘူး . . . (မှန်ပါဘုရား)။

ဒါဖြင့် ဒိဋ္ဌိသည် ဒကာ ဒကာမတို့ နိဗ္ဗာန်ကန့်ကွက်နိုင်တဲ့ တရားမှာဖြင့် အကြီးဆုံးကန့်ကွက်နိုင်တဲ့ တရားလို့ မှတ်ပါ . . . (မှန်ပါဘုရား)။ ယနေ့ ဟောရမည့် ယမကမှာတော့ အတ္တဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိရှိနေလို့ နိဗ္ဗာန်မရဘူး . . . (မှန်လှပါဘုရား)။ ဩော် . . . သူတို့နှစ်ပါးထူးခြားပါလားဆိုတာ ဒကာ ဒကာမတွေ မှတ်ထားပါ . . . (မှန်ပါ့ဘုရား)။

မြင်းမြီးဆွဲဆန္နမှာတော့ ဘာရှိနေတယ် . . . (အတ္တဒိဋ္ဌိနဲ့ သဿတဒိဋ္ဌိပါဘုရား)။ အတ္တဒိဋ္ဌိနဲ့ သဿတဒိဋ္ဌိ ရှိနေလို့

မရဘူး။ နိဗ္ဗာန်မရဘူး၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အားထုတ်တယ် နော် . . . (မှန်ပါ)။

ဒီနေ့ဟောမည့် ယမကဆိုတဲ့ ရဟန်းမှာတော့တဲ့ အတ္တ ဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိရှိနေလို့ နိဗ္ဗာန်မရဘူး . . . (မှန်ပါဘုရား)၊ ဒါဖြင့် နိဗ္ဗာန်ကန့်ကွက်တဲ့ နေရာမှာ ဒိဋ္ဌိဟာ အရေးကြီးဆုံးအချက်ပဲ။ သူကန့်ကွက်ဆုံးပဲဆိုတာ သဘောကျပြီလား . . . (ကျပါတယ် ဘုရား)။

## ဒိဋ္ဌိမပြုတ်ရင် နိဗ္ဗာန်သဘောမကျ

ဩော် . . . ဒါဖြင့် ဒကာ ဒကာမတို့ရှေ့ပိုင်းမှာ ဘာလုပ် ပေးရမှာတုံးလို့မေးတော့ ခုနက တရားစခဲ့ကတည်းက ဒကာ ဒကာမ တို့ နိဗ္ဗာန်သဘောကျအောင် ပြောရလိမ့်မယ် . . . (မှန်ပါဘုရား) ဒိဋ္ဌိပြုတ်ပေးရလိမ့်မယ်လို့၊ နိဗ္ဗာန်သဘော မကျရင်လည်း ဒိဋ္ဌိမပြုတ်ဘူး . . . (မှန်ပါ့ဘုရား)။ ဒိဋ္ဌိမပြုတ်ဘဲ နဲ့လည်း နိဗ္ဗာန်သဘောမကျဘူး . . . (မှန်လှပါဘုရား)။

ဒါဖြင့် ဒီအရေးဟာ ကြီးသပေါ့ဗျာ . . . (ကြီးပါတယ် ဘုရား) ဒကာကြွယ်ရေ ဒါဖြင့် ဒိဋ္ဌိဟာ နိဗ္ဗာန်ကန့်ကွက်တဲ့ တရားထဲမှာဖြင့် အကြီးဆုံးသော ကန့်ကွက်တဲ့ တရားလို့ဆိုတာ ကောင်းကောင်း ကျေနပ်ပြီလား . . . (ကျေနပ်ပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့နိဗ္ဗာန်၊ တစ်ထောင့်ငါးရာ ကိလေသာတို့၏ သိမ်းတဲ့နိဗ္ဗာန်၊ ဒီနိဗ္ဗာန်ကို တကယ်တမ်း ဒကာ ဒကာမတို့ ရောက်ချင်ကြပါတယ်၊ ရချင်ကြပါတယ်ဆိုလို့ရှိရင်ဖြင့် ဒိဋ္ဌိဖြုတ်ရ မှာပဲ . . . (မှန်လှပါ ဘုရား)။

ဘာအရေးကြီးတုံး . . . (ဒိဋ္ဌိဖြုတ်ဖို့ အရေးကြီးပါတယ် ဘုရား)။ ဒိဋ္ဌိဖြုတ်ဖို့ အရေးကြီးတော့တယ်ဆိုတာ ဒကာ ဒကာမ တွေမှတ်ပါ။ ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ ဒိဋ္ဌိအရင်ဖြုတ်မှ သာလျှင် နေရာ ချမယ်ဆိုတဲ့ဥစ္စာကို ဒကာသစ်၊ ဒကာကြွယ်တို့ ရှေးဦးစွာ မှတ်ထားရလိမ့်မယ် . . . (မှန်ပါဘုရား)။

## နိဗ္ဗာန်တော့မရ၊ နတ်ပြည်တော်ရောက်မယ်

ဘယ်လိုပဲ လှူလှူ၊ ဘယ်လိုပဲ တန်းတန်း၊ ဘယ်လိုပဲ ကျောင်းကန်ဘုရားတွေတည်ပြီး သကာလနေပြားသော်လည်း ဒိဋ္ဌိ မပြုတ်လို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်တော့မရဘူး။ သုဂတိ နတ်ပြည်တော့ ရောက်ပါလိမ့်မယ် . . . (မှန်ပါ့ဘုရား)။ သုဂတိ နတ်ပြည်တော့ (ရောက်ပါတယ်ဘုရား)။

သုဂတိနတ်ပြည်တော့ ရောက်ပါလိမ့်မယ်လို့ဆိုတာ

သေသေချာချာမှတ်ပါ။ နိဗ္ဗာန်တော့ရောက်ပဲ့မလားဆိုတော့ ဒိဋ္ဌိခံနေလို့ မရောက်ဘူးလို့ ဆုံးဖြတ်ချက်ချ . . . (မှန်ပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်ရောက်ကြောင်းမှာဖြင့် ဘယ်သူပြုတ်ဖို့အရေးကြီးဆုံး အကြောင်းလာဖြစ်လာတယ် ဆိုတာ ပေါ်ပါပြီ . . . (ပေါ်ပါပြီဘုရား)။ ဘာဖြုတ်ရမှာတုံး . . . (ဒိဋ္ဌိ ဖြုတ်ရမှာပါဘုရား)။

ဒိဋ္ဌိဖြုတ်ရမယ်ဆိုတော့ ဒကာ ဒကာမတွေ လေးစားစွာနဲ့ပဲ ယနေ့မှတ်ကြရတော့မယ်။ ကိုင်း . . . စောစောစီးစီးပဲ ယမက၏ နိဗ္ဗာန်မင်္ဂလိလ်တားတဲ့ ဒိဋ္ဌိကို မပြမီရှေ့အဖို့ကာလ၌ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ရှေ့ပိုင်းက ဖြုတ်နှင့်ထားလို့ရှိရင် ကောင်းပါ တယ် . . . (မှန်ပဲ့ါဘုရား)။

**ခန္ဓာ့ပဋိစ္စသမုပ္ပာဒ်သိရမယ်**

ရှေ့ပိုင်းကဖြုတ်နှင့်ထားလို့ရှိရင် ကောင်းပါတယ်လို့ဆိုတော့ ဒိဋ္ဌိဖြုတ်ဖို့ရာဆိုတော့ မနေ့ကလည်း ဟောခဲ့တယ်။ ဟော . . . ခန္ဓာ့ပဋိစ္စသမုပ္ပာဒ် သိဖို့အရေးကြီးတယ်။ ဘာသိဖို့အရေးကြီးပါလိမ့် . . . (ခန္ဓာ့ပဋိစ္စသမုပ္ပာဒ် သိဖို့အရေးကြီးပါတယ်ဘုရား) ခန္ဓာပဋိစ္စသမုပ္ပါဒ် သိဖို့ အရေးကြီးတယ်။

သေသေချာချာ မှတ်ပါ၊ ဒီတစ်လုံး တစ်လုံးကိုပဲ လိုရင်း ပြောနေတော့ ထပ်ပြန်တလဲလဲ ပြောတယ်လို့ ဒကာကြွယ်တို့က မအောက်မေ့နဲ့ . . . (မှန်ပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာ့ပဋိစ္စသမုပ္ပာဒ် သိဖို့ အရေးကြီးတယ် . . . (မှန်ပါဘုရား)။ ခန္ဓာ့ပဋိစ္စသမုပ္ပာဒ်က စာမှာသိဖို့ အရေးကြီးသလား၊ ဖြစ်ဆဲခန္ဓာမှာသိဖို့ အရေးကြီး သလား . . . (ဖြစ်ဆဲခန္ဓာမှာသိဖို့ အရေးကြီးပါတယ်ဘုရား)၊ ဩော် . . . ဒါဖြင့် စာရလို့ ဒကာ ဒကာကြွယ် မပြီးသေးဘူး။

ဖြစ်ဆဲ ပဋိစ္စသမုပ္ပာဒ်၊ ဖြစ်ဆဲခန္ဓာ့ ပဋိစ္စသမုပ္ပာဒ် နားလည်မှ ဒကာ ဒကာမတို့ ဒိဋ္ဌိကိုဖြုတ်ပေးလို့ရတယ် . . . (မှန်လှပါဘုရား)။ ဖြစ်ဆဲခန္ဓာ့ ပဋိစ္စသမုပ္ပာဒ်ကိုမှ ဆရာကလည်း မပြ၊ ယောဂီပုဂ္ဂိုလ်တို့ကလည်း နည်းမရကြဘူးဆိုလို့ရှိရင်ဖြင့်တဲ့ ဘယ်လိုပင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုပြားသော်လည်း ဆန္ဒနိဗ္ဗာန် မရသလို၊ ယမက နိဗ္ဗာန်မရသလိုပဲ ဖြစ်ကြမှာပဲ . . . (မှန်ပါ ဘုရား)။

## ရှုမှုထက် ဒိဋ္ဌိဖြုတ်မှုအရေးကြီး

ဒါဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တရှုမှုထက် ဒိဋ္ဌိဖြုတ်မှုက အရေး ကြီးတယ် . . . (မှန်ပါဘုရား)။ ဟိုပုဂ္ဂိုလ်နှစ်ပါးသည်

ဆန္ဒလည်း ရှုသားပဲ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရရဲ့လား . . . (မရပါဘူးဘုရား)။ ယနေ့ ဟောလတ္တံ့ဖြစ်တဲ့ ယမက, ကလည်း ဒကာ ဒကာမတို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တရှုနေပါတယ် . . . (မှန်ပါ)၊ မရဘူး။ ဘာခံနေတယ်ဆိုတဲ့ လက်သည် အကြောင်းရင်းပေါ်ရောပေ့ါဗျာ . . . (ပေါ်ပါပြီဘုရား)။

အဲ . . . ဘာခံနေတုံး . . . (ဒိဋ္ဌိခံနေပါတယ်ဘုရား)။ ဩော် . . . ဒိဋ္ဌိခံနေတယ်ဆိုတော့ ဒကာကြွယ်ရေ သူရှိလျက်နဲ့ လုပ်နေလို့ရှိရင်ဖြင့် နိဗ္ဗာန်လည်းမရဘူး . . . (မရပါဘူးဘုရား)။ ဒါန၊ သီလတွေဆောက်တည်နေပြားသော်လည်း သုဂတိပဲရမယ်။ နိဗ္ဗာန်ကျတော့ . . . (မရပါဘူးဘုရား)။

မရနိုင်ဘူးဆိုတာကို လေးစားစွာနဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မှတ်ထားလိုက်တော့၊ ဩော် . . . တစ်နံပါတ်ဒိဋ္ဌိ ဖြုတ်ဖို့ အရေးကြီးပါလားဆိုတာဖြင့် ပေါလောကြီးပေါ်လာ တယ် . . . (ပေါ်ပါတယ်ဘုရား)။ ကိုင်း . . . ဒါဖြင့် ဒိဋ္ဌိဖြုတ် ကြပါစို့ . . . ။

## ပဋိစ္စသမုပ္ပါဒ်ကြည့်ကြစို့

ခန္ဓာ့ပဋိစ္စသမုပ္ပာဒ်ကြည့်ကြစို့နော်၊ ခန္ဓာပဋိစ္စသမုပ္ပာဒ် ကြည့်ကြပါစို့ဆိုတော့ ဒကာ ဒကာမတွေ ယခုအခါမှာ

ဘုန်းကြီးက တရားဟောနေတယ်။ တရားဟောတာ ကလည်း ဒီအတိုင်းမြုံဟောတာမဟုတ်ဘူး။ အသံထုတ်ပြီး ဟောနေရတယ် . . . (မှန်လှပါဘုရား) အသံထုတ်ပြီးဟော နေရတော့ ဒကာ ဒကာမတွေကလည်း ကြားကြတာပေါ့ဗျာ။

ဒကာကြွယ်ကြားရဲ့မဟုတ်လား . . . (ကြားပါတယ်ဘုရား)။ ကြားတော့ကို နားထဲမှာ ဒကာ ဒကာမတွေသိတဲ့ အတိုင်း မသေသေးတဲ့ ကြားတတ်တဲ့ ရုပ်ကလေးကလည်း နားထဲမှာ ရှိတယ်။ မသေသေးလို့နော် . . . (မှန်ပါ့ဘုရား)။ ကဲ သုသာန်ရောက်တဲ့ ပုဂ္ဂိုလ်ဘယ်လို အော်အော်မကြားဘူးပေါ့ဗျာ . . . (မှန်ပါ့)။

## အသံနဲ့ကြားရုပ်

မသေသေးတဲ့အတွက် သောတပသာဒရုပ်ဆိုတဲ့ ကြားရုပ်ကလေးကလည်း ရှိတယ်ပေါ့ဗျာ . . . (မှန်ပါဘုရား)။ အဲဒီကြားရုပ်ကလေးက ဒကာကြွယ်တို့ ဒကာသစ်တို့ နားထဲမှာ ကံကြောင့်ဖြစ်တဲ့ ကြားတတ်တဲ့ ရုပ်ကလေးက ရှိနေတော့ ဘုန်းကြီးကလည်း ဒီကနေပြီး တရားဓမ္မဟောတဲ့ အသံတွေ လွှတ်လိုက် ပြန်တော့ အသံနဲ့ ကြားရုပ်နဲ့ သွားတိုက်တယ် . . . (မှန်လှပါ ဘုရား)။

## ကြားတဲ့စိတ်

အသံနဲ့ဘာနဲ့ သွားတိုက်သတုံး . . . (ကြားရုပ်နဲ့ သွားတိုက်ပါတယ်ဘုရား)။ အသံနဲ့ ကြားတတ်တဲ့ ရုပ်နဲ့ သွားတိုက်တယ်၊ တိုက်လိုက်သည်နဲ့ တစ်ပြိုင်နက်တည်း ဒကာ ဒကာမတို့ ကြားတတ်တဲ့ စိတ် တစ်ခါတည်းပေါ်တယ် . . . (မှန်ပါဘုရား)။ ကြားတတ်တဲ့စိတ် . . . (ပေါ်လာပါတယ်ဘုရား)။

အင်း . . . ကြားတာအကောင်းအဆိုးရွေးတဲ့ဝေဒနာ၊ တရားသံပါလားလို့ မှတ်တဲ့ သညာ၊ ကြားလိုတဲ့ တောင်းတနေတဲ့ စေတနာ၊ တစ်ခါတည်း နာမက္ခန္ဓာလေးပါးပေါ်တယ် . . . (မှန်ပါ့)။ နာမက္ခန္ဓာလေးပါး မပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

## နာမ်တရားလေးပါး

ဪ . . . ဒါ ကြားရုပ်နဲ့ အသံနဲ့ သွားတိုက်လိုက်တာ ဒကာကြွယ်ရေ နာမ်တရားလေးပါးပေါ်လာတယ် . . . (မှန်လှပါဘုရား)။ မပေါ်လာဘူးလား . . . (ပေါ်လာပါတယ်ဘုရား)။ ဪ . . . နာမ်တရားလေးပါးတော့ ဒကာသစ် သံသယရှိသေးသလား (မရှိပါဘူးဘုရား)။

ကြားစိတ်လည်း ပေါ်တယ်။ ကြားလို့ ကောင်းမကောင်း ခံစားတဲ့ ဝေဒနာလည်း (ပေါ်ပါတယ်ဘုရား)။ ဪ . . . တရားသံပါလားလို့ မှတ်တဲ့ သညာကော . . . (ပေါ်ပါတယ် ဘုရား)။ ကြားလိုလို့တောင်းတနေတဲ့ စေတနာလေးကော . . . (ပေါ်ပါတယ်ဘုရား)။ အင်း နာမက္ခန္ဓာ ဘယ်နှစ်ပါး ပေါ်ပါလိမ့် . . . (လေးပါးပေါ်ပါတယ်ဘုရား)။

## နာမ်တရားလေးခု တစ်ပြိုင်တည်းပေါ်

လေးပါးပေါ်တယ်လို့ဆိုတော့ ဪ . . . ယခု ပဋိစ္စ သမုပ္ပာဒ်အစပါလားလို့ မှတ်လိုက် . . . (မှန်လှပါဘုရား)။ နာမက္ခန္ဓာလေးပါး အသံကြားမှ ယခုကြားရုပ်အပေါ်မှာ ဖျတ် ခနဲပေါ်လာတဲ့ နာမ်တရားလေးခု တစ်ပြိုင်တည်းပေါ်တယ်ဆို တာ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

ဒါ ဒကာကြွယ် ဒကာသစ်တို့ ပဋိစ္စသမုပ္ပာဒ်အစပါလား ဗျ . . . (မှန်ပါဘုရား)။ ခင်ဗျားတို့ ရွတ်နေတာ အဝိဇ္ဇာပစ္စယာ သင်္ခါရာ မပါ,ပါဘူး၊ ယခုဖြစ်ဆဲ ပဋိစ္စသမုပ္ပာဒ်ကို နားလည်မှ ကိုးဗျ . . . (မှန်ပါဘုရား)။

ကိုယ့်သန္တာန်ခုစဖြစ်တဲ့ ပဋိစ္စသမုပ္ပာဒ်လို့ဆိုတာ သဘောကျရမယ် . . . (ကျပါတယ်ဘုရား)။ ကောင်းပြီ၊ ဒါဖြင့်

ဒီပဋိစ္စသမုပ္ပာဒ် ဒကာ ဒကာမတို့ နားထဲမှာ နာမ်တရား၊ ရုပ်တရားတွေဖြင့် ဖြစ်ကြပေ့ါ။ ကြားရုပ်က ရုပ်ပေ့ါဗျာ . . . (မှန်လှပါဘုရား)။ သူ့အပေါ် မှာ ကပ်ပြီးပေါ် တဲ့ နာမက္ခန္ဓာလေးပါးက နာမ်ပေ့ါဗျာ . . . (မှန်လှပါဘုရား)။

**ပဋိစ္စသမုပ္ပန္နတရား**

အင်း . . . နာမ်တရား၊ ရုပ်တရားပေါ်ပြီ၊ ဒါ အိမ်က ယူလာတာလား၊ ခုမှ ဒီကျမှ ပေါ် တာလား (ခုမှပေါ် တာပါဘုရား)။ ဒါဖြင့် ဒကာ ဒကာမတို့ ပဋိစ္စသမုပ္ပန္နတရား၊ အကြောင်းစွဲပြီး ဖြစ်ပေါ် လာတဲ့ ပဋိစ္စသမုပ္ပန္နတရားဆိုတာ ပေါ် လာပါတယ် . . . (မှန်လှပါဘုရား)။

ဒါက ပဋိစ္စသမုပ္ပာဒ်လို့ ဒကာကြွယ် ဒကာသစ်တို့က မမှတ်လိုက်ပါနဲ့၊ ပဋိစ္စသမုပ္ပန္နလို့ မှတ်လိုက်ပါ။ ပဋိစ္စသမုပ္ပာဒ်လို့ မမှတ်လိုက်နဲ့၊ ပဋိစ္စသမုပ္ပန္နလို့ မှတ်လိုက်ပါ။

အခုပေါ် လာတဲ့ နာမက္ခန္ဓာလေးပါးဟာ ပဋိစ္စသမုပ္ပာဒ်လား၊ ပဋိစ္စသမုပ္ပန္နလား . . . (ပဋိစ္စသမုပ္ပန္နပါဘုရား)။ ပဋိစ္စသမုပ္ပန္နလို့မှတ်လိုက်ပါ။ သူက ဘာကြောင့်တုံးဆိုလို့ရှိရင်ဖြင့် ယခု အသံနဲ့ ကြားရုပ်နဲ့ တိုက်လို့ခုပေါ် လာတော့ သူက အသံနဲ့ ကြားရုပ်က အကြောင်းတရားကိုးဗျ . . . (မှန်ပါ့)။

အကြောင်းကြောင့် ဖြစ်တဲ့ အကျိုးတရား

ပေါ်လာတဲ့နာမက္ခန္ဓာလေးပါးက . . . (အကျိုးတရားပါဘုရား)။ ဒီအကျိုးတရားဆိုတော့ ဩော် . . . အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရားဆိုတာ အကြောင်းကို ပဋိစ္စသမုပ္ပါဒ်ခေါ်တယ် . . . (မှန်ပါဘုရား)။ အကျိုးကို ပဋိစ္စသမုပ္ပန္နလို့ခေါ်တယ် . . . (မှန်ပါဘုရား)။

အကြောင်းကို ဘာခေါ်ကြမယ် . . . (ပဋိစ္စသမုပ္ပါဒ်ပါဘုရား)။ ပဋိစ္စသမုပ္ပါဒ်၊ အကျိုးကို ဘာခေါ်ကြမယ် . . . (ပဋိစ္စသမုပ္ပန္နပါဘုရား)။ ပဋိစ္စသမုပ္ပန္နလို့ ခေါ်လိုက်ပါ။

ဒါဖြင့် ဒကာ ဒကာမတို့ သန္တာန်မှာ သူ အကြောင်းမဖြစ်ခင် နာမက္ခန္ဓာလေးပါး အကြောင်းမဖြစ်ခင် ပဋိစ္စသမုပ္ပန္နဖြစ်နေတယ်။ သူက ဆက်ပြီး ကျေးဇူးမပြုသေးရင် အကျိုးတရားဖြစ်လေသောကြောင့် ပဋိစ္စသမုပ္ပန္နလို့ မှတ်လိုက်ပါတော့ . . . (မှန်ပါ့ဘုရား)။

ကောင်းပြီ၊ ဒါ ပဋိစ္စသမုပ္ပန္နအစကလေးဖြင့် တရားသံလေး ကြားတဲ့အချိန်ဟာ နာမက္ခန္ဓာလေးပါးဆိုတဲ့ နာမ်တရား၊ နားပေါ်မှာ၊ နားအတွင်းမှာ ပေါ်လာလို့ရှိရင် ပဋိစ္စသမုပ္ပန္နတရားလေးပေါ်ပြီ။ ဒီအထဲမှာ ကြားတဲ့စိတ်ကလေးလည်း မရှိဘူးလားဗျာ . . . (ရှိပါတယ်ဘုရား)။ သူက ဝိညာဏက္ခန္ဓာ။

ကြားလို့ကောင်း မကောင်းလေးက ဝေဒနာက္ခန္ဓာ တရားသံလေးပါလားလို့ မှတ်တာက သညာက္ခန္ဓာ၊ တရားနာဖို့ရာကို တိုက်တွန်းနှိုးဆော်တာလေးကလည်း ဒီအထဲပါတော့ စေတနာ သင်္ခါရက္ခန္ဓာ၊ နာမက္ခန္ဓာ ဘယ်နှစ်ပါး ပေါ်ပါလိမ့် . . . (လေးပါးပါဘုရား)။

## ကြားတာဒီလေးခုက ကြားတာ

နာမက္ခန္ဓာလေးပါးပေါ်နေတော့ အဲဒါလေးဟာ နာမက္ခန္ဓာလေးပါးပေါ်တယ်လို့ပဲ မှတ်လိုက်ပါတော့ . . . (မှန်ပါဘုရား)။ ငါ ကြားတယ်လို့ မထင်လိုက်ပါနဲ့ (မှန်လှပါဘုရား)။ ဒီလေးခုပေါ်တာကို မှတ်လိုက်ပါ။ ကြားတာ ဒီလေးခုက ကြားတယ်ဆိုတာ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

အင်း ငါကြားတာလား၊ သူကြားတာလား . . . (မဟုတ်ပါဘူးဘုရား)။ ဒီ နာမက္ခန္ဓာလေးပါးက ကြားတယ် . . . (မှန်လှပါဘုရား)။ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

အင်း ဒီလိုသိထားပြန်တော့ ဩော် ဒါဖြင့် ဒကာ ဒကာမတို့ ငါကြား သူကြားဆိုတဲ့ သက္ကာယဒိဋ္ဌိဟာရှိသေးသလား . . . (မရှိတော့ပါဘူးဘုရား)။ အင်း . . . ဒါ နာမက္ခန္ဓာလေးပါးက ကြားတာကိုးလို့ ဆိုသဖြင့် ယောက်ျားကြားတာ

လား၊ မိန်းမကြားတာလား၊ ငါသူတစ်ပါးကြားတာလားလို့ မေးလိုက်လို့ရှိရင် ဒကာကြွယ်၊ ဒကာသစ်တို့ ဘယ်လိုဖြေကြပ့်ါ . . . ဩော် . . . နာမ်ခန္ဓာတွေအသစ်ပေါ်ပြီး၊ ကြားတာလေး အသစ်ပေါ်တာပဲ . . . (မှန်လှပါဘုရား)။

## ကြားတတ်တဲ့ တရားသစ်ပေါ်တယ်

ကြားတတ်တဲ့ တရားလေးအသစ် ပေါ်တယ်လို့ မှတ်လိုက်တာပေ့ါ၊ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။ ကောင်းပြီ၊ ကြားတတ်တဲ့တရားလေး အသစ်ပေါ်တော့ကို ဩော် . . . ဒီတရားလေးသည်ကားလို့ ဆိုလို့ရှိရင် ကြားတတ်တဲ့တရားလေးပဲလို့ သိတော့ သက္ကာယဒိဋ္ဌိက ပြုတ်တယ် . . . (မှန်ပါဘုရား)။

ငါ ကြားတာမဟုတ်ဘူး၊ သူကြားတာမဟုတ်ဘူး၊ မိန်းမတွေက ကြားတာမဟုတ်ဘူး၊ ယောကျ်ားတွေက ကြားတာမဟုတ်ဘူး။ ဒီနာမက္ခန္ဓာလေးပါးက ကြားတာ၊ သူပေါ်လာတာ၊ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

သက္ကာယဒိဋ္ဌိ ဖြုတ်နေတာ

ဒီလိုသိသွားတော့ ဒကာကြွယ်၊ ဒကာသစ်တို့က ဩော် ဆရာဘုန်းကြီး ဘယ်နှယ်ကြောင့် ဒါလေး တစ်နံပါတ်ကိုင်ပြီး အရေးတကြီး ပြောနေပါလိမ့်မတုံးဆိုတော့ သက္ကာယဒိဋ္ဌိဖြုတ်နေတာ . . . (မှန်လှပါဘုရား)။ အတ္တဒိဋ္ဌိဖြုတ်နေတာ . . . (မှန်လှပါဘုရား)။

သက္ကာယဒိဋ္ဌိနှင့် အတ္တဒိဋ္ဌိဆိုတာ အတူတူပဲ . . . (မှန်လှပါဘုရား)၊ အတ္တဒိဋ္ဌိက ငါ ဆိုတဲ့ ဥစ္စာ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိကလည်း ထိုနည်းတူပဲတဲ့၊ ဒီတရားလေး ငါထင်နေတာ သက္ကာယဒိဋ္ဌိပဲ . . . (မှန်လှပါဘုရား)။

အဲဒီနှစ်ခုက မထူးပါဘူး။ အတ္တဒိဋ္ဌိနှင့် သက္ကာယဒိဋ္ဌိဆိုတာ အခေါ်သာပြောင်းတာ၊ စင်စစ်တော့ နာမက္ခန္ဓာ လေးပါးကို ငါထင်တာဆိုတာပါပဲ . . . (မှန်လှပါဘုရား)။ သဘောပါကြပြီလား . . . (ပါ,ပါတယ်ဘုရား)။

အင်း . . . ဒါဖြင့် ဘယ်သူကများ ကြားပါလိမ့်မတုံး ဒကာ ဒကာမတို့ . . . (နာမက္ခန္ဓာလေးပါးက ကြားတာပါဘုရား)။ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမက ကြားတာမဟုတ်ပါလား . . . (မှန်ပါဘုရား)။

အင်း ကြားတတ်တဲ့ နာမ်လေးက ကြားတာပါလား ဆိုတာ မြဲမြဲစွဲစွဲလေးမှတ်ထားလိုက်တာပေါ့ . . . (မှန်လှပါ ဘုရား)။ ကြားပြီးသကာလ ဒကာ ဒကာမတွေက ကြားတဲ့အခါ ကျလို့ရှိရင်ဖြင့် ကြားပြီးဘာဖြစ်ပါလိမ့်မလဲလို့ မေးလို့ရှိရင်ဖြင့် အင်း ကြားရတာ ကုသိုလ်ဖြစ်လိုက်တာ၊ ကြားရတာ ကုသိုလ် ဖြစ်လိုက်တာဆိုတော့ ဒီ နောက်ကနေပြီး ကုသိုလ်စိတ်လေး တွေကော မပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

## ကုသိုလ်စိတ်သက်သက်ပေါ်တာ

အင်း ကြားလို့ ကုသိုလ်ဖြစ်တယ်လို့ဆိုပြန်သဖြင့် ဒါ ကုသိုလ်စိတ်ပေါ်တာပဲရှိတယ် . . . (မှန်ပါဘုရား)။ ကုသိုလ် စိတ်ပေါ်လာပြန်တော့လည်း ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ငါ့ကုသိုလ်လား၊ ကုသိုလ်စိတ်သက်သက်ပဲလား . . . (ကုသိုလ် စိတ်သက်သက်ပါဘုရား)။ ကုသိုလ်စိတ်သက်သက်ပေါ်တာပဲ။ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

ကုသိုလ်-သောမနဿတွေ၊ မဟာကုသိုလ် သောမန ဿတွေ ဒီလိုဟာတွေပေါ်ပြီးသကာလ နေပြန်တော့ ဒကာ ဒကာမတို့ ကြားတတ်တဲ့စိတ်ကလေးပေါ်ပြီးသကာလ အင်း ကုသိုလ်စိတ်တွေ ဆက်ပြီးပေါ်ပြန်တော့လည်း အင်း ဒီဥစ္စာ

သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ပုဂ္ဂိုလ်သတ္တဝါကုသိုလ်ဖြစ်တာလား၊ ကုသိုလ်စိတ်သက်သက်ပေါ်တာပဲလား . . . (ကုသိုလ်စိတ်သက်သက် ပေါ်တာပါဘုရား)။

ကုသိုလ်စိတ်သက်သက်ပေါ်တာပဲလို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက လေးစားစွာနဲ့ မှတ်ထားလိုက်ပါ . . . (မှန်လှပါဘုရား)။ ရှင်းသွားပြီ (ရှင်းသွားပါပြီဘုရား)။

အင်း - ဒါဖြင့် ကြားပြီး ကုသိုလ်ဖြစ်ရတယ်ဆိုတော့ သြော် ကြားတဲ့ နာမက္ခန္ဓာလေးပါးလေးကလည်း ကြားပြီး ပျောက်သွားတာပဲ . . . (မှန်လှပါဘုရား)။ ကုသိုလ်လေးဖြစ်တဲ့ စိတ်လေးကျန်နေရစ်တယ်။ မကျန်ရစ်ဘူးလား . . . (ကျန်ရစ်ပါတယ်ဘုရား)။

ကျန်ရစ်တဲ့အခါကျတော့ ကုသိုလ်စိတ်ကလေးကလည်း ဒကာ ဒကာမတို့ ဘယ်သူ့ကြောင့် ပေါ်လာတုံးဆို သြော် ကြားလို့ဖြစ်တာပေါ့ ကုသိုလ် . . . (မှန်ပါဘုရား)၊ မကြားရင် ဖြစ်ပါ့မလား . . . (မဖြစ်ပါဘုရား)။

ကုသိုလ်ကို ငါမထင်လိုက်ပါနဲ့.

ဒါဖြင့် ကြားတတ်တဲ့ နာမက္ခန္ဓာလေးပါး အကြောင်း ချုပ်သွားလို့ ဝမ်းထဲ ကုသိုလ်စိတ်ကလေးပေါ်ပြန်တာပဲ . . . (မှန်လှပါဘုရား)။ ဒါလည်း ငါကုသိုလ်ဖြစ်တာလား၊ ကုသိုလ်စိတ်ပေါ်တာလား . . . (ကုသိုလ်စိတ် ပေါ်တာပါဘုရား)။ တရားနာလို့ ငါ ကုသိုလ်ရတယ်လို့ ဒီလို မယူလိုက်ပါနဲ့တဲ့ ကုသိုလ်ကို ငါမထင်လိုက်ပါနဲ့၊ ကုသိုလ်စိတ်သည် ကြားတတ်တဲ့စိတ်က ကျေးဇူးပြုလို့ ကုသိုလ်စိတ်ပေါ်လာတာ . . . (မှန်လှပါဘုရား)။

ကြားတတ်တဲ့စိတ်က အကြောင်းပြုလိုက်တာနဲ့ ကုသိုလ်စိတ်ပေါ်လာတယ်ဆိုတာ ကျေနပ်ပြီလား . . . (ကျေနပ်ပါတယ်ဘုရား)။ ကြားတတ်တဲ့ စိတ်က ချုပ်သွားတာနဲ့ ကြားတတ်တဲ့စိတ် ချုပ်သွားတဲ့နေရာမှာ ကုသိုလ်စိတ်က ပေါ်လာတယ် . . . (မှန်လှပါဘုရား)။ မပေါ်လာဘူးလား . . . (ပေါ်လာပါတယ်ဘုရား)။

တစ်ခါ ဒီပေါ်လာတဲ့စိတ်ကလေးတွေဟာလည်း ဒကာဒကာမတို့ ကုသိုလ်စိတ်ကလေးဟာ အင်း အကြောင်းကြောင့် ပေါ်လာပြီးသကာလ ချုပ်သွားပြန်တာပဲ။ မချုပ်ပေဘူးလား . . . (ချုပ်ပါတယ်ဘုရား)။

ကြားတဲ့သဘောနဲ့ ကုသိုလ်သဘောတွေ

ဒါဖြင့် ဒကာ ဒကာမတို့ သန္တာန်ကြားလိုက်၊ ကြားတဲ့ စိတ်ပေါ်လိုက်၊ ကုသိုလ်စိတ်ဖြစ်ပြီး ချုပ်သွားလိုက် . . . (မှန်လှ ပါဘုရား)။ နောက်တစ်ခါ ကြားတဲ့စိတ် ဘုန်းကြီးက တရား ဟောပြန်တော့ ကြားတဲ့ နာမက္ခန္ဓာလေးပါးပေါ်လိုက် ကုသိုလ် ဖြစ်ပြီးသကာလ ချုပ်သွားလိုက်တော့ကို ဒီနေရာမှာ ယောကျ်ား တွေလား၊ မိန်းမတွေလား၊ ကြားတဲ့သဘောနဲ့ ကုသိုလ်သဘော တွေလှည့်ဖြစ်ပြီး ချုပ်နေကြတာလားလို့ မေးရင် ဘယ့်နှယ်ဖြေ မတုံး . . . (ကြားတဲ့သဘောနဲ့ ကုသိုလ်သဘောတွေ လှည့်ဖြစ် ပြီး ချုပ်နေတာပါဘုရား)။ သဘောပါပြီလား . . . (ပါ, ပါတယ် ဘုရား)။

ကြားတဲ့တရားပေါ်လိုက်၊ ကုသိုလ်ဖြစ်တဲ့ ဓမ္မလေးပေါ် လိုက်။ ကြားတတ်တဲ့ ဓမ္မဆက်ပေါ်လိုက်၊ ကုသိုလ်ဖြစ်တဲ့ ဓမ္မလေးပေါ်လိုက် ဒီတရားတစ်ပွဲလုံး တစ်နာရီဟောနေတော့ ကြားတတ်တဲ့ ဓမ္မလည်း ချုပ်လိုက်၊ ကုသိုလ်ဓမ္မတွေလည်း ပေါ် လိုက်၊ ပေါ်ပြီးချုပ်လိုက်။

တစ်ခါ နောက်ထပ်တဖန် ဘဝင်တွေပါတွေခြားပြီး ကြားတတ်တဲ့ ကုသိုလ်ပေါ်လိုက် ဒီလိုပဲမနေဘူးလား . . . (နေ

ပါတယ်ဘုရား)။ အင်း ပုဂ္ဂိုလ်သတ္တဝါအလုပ်ကို ပါသေးရဲ့လား . . . (မပါ,ပါဘူးဘုရား)။ ပဋိစ္စသမုပ္ပန္နတရားတွေ ဆက်ဆက် ဆက်ဆက်ပေါ်တယ် . . . (မှန်လှပါဘုရား)။

## ပုဂ္ဂိုလ်သတ္တဝါမပါဘူး

ကြားတတ်တဲ့တရားကြောင့် အင်းကြားလို့ ဖြစ်ရတဲ့ ကုသိုလ်စိတ်တွေလည်း ပေါ်ကြတယ် . . . (မှန်လှပါဘုရား)။ ဒါဖြင့် ဒီအထဲမှာ တရားနာနေတဲ့ အထဲမှာ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမမပေါ်ပါဘူး . . . (မပေါ်ပါဘူး ဘုရား)။

ကြားတတ်တဲ့တရားလေးကလည်း ကြားတတ်တဲ့ နာမက္ခန္ဓာဓမ္မပဲ . . . (မှန်လှပါဘုရား)။ ပုဂ္ဂိုလ်သတ္တဝါလားလို့ မေးရင် . . . (မဟုတ်ပါဘူးဘုရား)။ နာမ်ဓမ္မ . . . (မှန်ပါ့)။ သူ ချုပ်သွားပြန်တော့ ကုသိုလ်လေး ပေါ်လာပြန်တယ်။ ကုသိုလ် စိတ်ကလေးပေါ်လာပြန်တယ်။ ကုသိုလ်စိတ်ကလေးပေါ်လာ ပြန်တော့လည်း ၎င်းကုသိုလ်စိတ်ကလေးကလည်း နာမ်ဓမ္မပဲ . . . (မှန်လှပါဘုရား)။ နာမ်တရားပဲလို့ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

ကြားလို့ဖြစ်တဲ့ ကုသိုလ်လေးပေါ့ဗျာ . . . (မှန်လှပါဘုရား)။ အင်း ဒီကုသိုလ်လေးကလည်း ဒကာ ဒကာမတို့ သန္တာန်ပေါ်ပြီး ပျောက်သွားပြန်တယ် . . . (မှန်လှပါဘုရား)။ နောက်တစ်ခါ ကြားပြန်တော့ ကြားတတ်တဲ့ နာမက္ခန္ဓာပေါ်ပြန်တယ်။

နောက်တစ်ခါကြားပြီး ကုသိုလ်လေးဖြစ်ပြန်တော့လည်း ကြားတတ်တဲ့ နာမက္ခန္ဓချုပ်ပြီး ကုသိုလ်နာမက္ခန္ဓာတွေပဲ ပေါ်ပြန်တာပဲ၊ မပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)။ ဒီလိုချည်းလှည့်မနေဘူးလား . . . (လှည့်နေပါတယ်ဘုရား)။

လှည့်နေတော့ ကုသလ်-အနဝဇ္ဇ သုခဝိပါက လက္ခဏာ - ကြားတတ်တဲ့ ဓမ္မကတော့ အဗျာကတတာပဲ၊ နိဿတ္တ နိဇ္ဇီဝ သဘာဝါပဲ၊ အင်း ကြားတတ်တာလည်း သတ္တဝါ အသက်ဟုတ်ပါရဲ့လား . . . (မဟုတ်ပါဘူးဘုရား)။ ကုသိုလ်စိတ်ကလေးကကော သတ္တဝါအသက်ဟုတ်ပါရဲ့လား . . . (မဟုတ်ပါဘူးဘုရား)။

## ပုဂ္ဂိုလ်သတ္တဝါအသက်မပါ

ဩော်-ပုဂ္ဂိုလ်သတ္တဝါအသက်ဆိုတာ ပါ,ပါရဲ့လား . . . (မပါ, ပါဘူးဘုရား)။ ဩော် . . . မပါတော့ ဒီထဲကပဲ ဒကာ ဒကာမတွေက သက္ကာယဒိဋ္ဌိပြုတ်နေပြီ၊ ကြားတတ်တဲ့ ဓမ္မလေး ချုပ်သွားပြီ၊ ကြားလို့ ကုသိုလ်ဖြစ်တာလေး ပေါ်လာပြန်ပြီ . . . (မှန်လှပါဘုရား)။ မပေါ်လာဘူးလား . . . (ပေါ်လာပါတယ်ဘုရား)။

ကြားလို့ ကုသိုလ်ဖြစ်တဲ့ ဓမ္မလေးချုပ်သွားပြန်ပြီဆိုတော့ နောက်တစ်ခါ ဘုန်းကြီးက အသံအော်ပြီး ဟောလိုက်ပြန်တော့၊ အသံထုတ်ပြီး ဟောလိုက်ပြန်တော့ ကြားတတ်တဲ့ ဓမ္မပေါ်ပြန်တာပဲ . . . (မှန်လှပါဘုရား)။

ဒါဖြင့် ကြားတတ်တဲ့ ဓမ္မရယ်၊ ကုသိုလ်ဖြစ်တဲ့ဓမ္မရယ်၊ ဒါလှည့်နေတာပဲ . . . (မှန်လှပါဘုရား)။ ဘာလှည့်နေတာပါလိမ့် . . . (ကြားတတ်တဲ့ဓမ္မနဲ့ ကုသိုလ်ဖြစ်တဲ့ ဓမ္မလှည့်နေတာပါဘုရား)။ ဒါလှည့်နေတာပဲ တစ်ပွဲလုံး . . . (မှန်ပါ)။

ယောကျ်ား၊ မိန်းမတွေပါသေးလား . . . (မပါ, ပါဘူးဘုရား)။ မပါတော့ဘူးလို့ဆိုတော့ ဩော် . . . ဆရာဘုန်းကြီးဒါ ဘာရည်ရွယ်ချက်ထားပြီး ဒီလောက်တောင် ဒီနှစ်လုံးကို

လှည့်ပတ်ပြီးပြောဆိုနေပါလိမ့်မလဲ၊ ဖြစ်စဉ် ကိုက်ပြောဆိုနေပါလိမ့်မလဲလို့ ဒကာကြွယ်၊ ဒကာသစ်တို့က မေးရင် ပုဂ္ဂိုလ်သတ္တဝါမရှိအောင်လို့ ဟောနေတာ . . . (မှန်လှပါဘုရား)။ သဘောပါကြပြီလား . . . (ပါ, ပါပြီဘုရား)။

ပုဂ္ဂိုလ်သတ္တဝါ . . . (မရှိအောင်လို့ ဟောနေတာပါဘုရား)။ ရှိကောရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား)။

ကြားတတ်တဲ့နာမ်ဓမ္မ၊ ကုသိုလ်ဖြစ်တဲ့ နာမ်ဓမ္မ၊ ဒါတွေပဲလှည့်ပြီး ဖြစ်နေတာပဲ၊ ဒီပဋိစ္စသမုပ္ပာဒ်နဲ့ အသက်ရှင်နေတာပေါ့ . . . (မှန်လှပါဘုရား)။ တစ်နံပါတ်ကြားတတ်တဲ့ နာမ်နဲ့ အသက်ရှင်တယ်၊ နောက်ကုသိုလ်နဲ့ အသက်ရှင်နေတယ် . . . (မှန်လှပါဘုရား)။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

ဒီလိုရှင်နေတဲ့ဟာတွေ သိလိုက်တဲ့အခါ ကိုယ့်အသက်တမ်းဟာက ဪ . . . ကြားတတ်တဲ့ ဓမ္မချုပ်ပြန်လည်း ဒကာကြွယ်၊ ဒကာသစ်တစ်ယောက် သေပြန်တာပဲ . . . (မှန်လှပါဘုရား)။

ကုသိုလ်ဖြစ်တဲ့ဓမ္မကလေး ဇော (၇)ကြိမ်နဲ့ ချုပ်သွားပြန်လည်း ဒကာကြွယ်၊ ဒကာသစ်တို့ ကုသိုလ်ဖြစ်တဲ့နာမ်ဓမ္မသေပြန်တာပဲ၊ ပုဂ္ဂိုလ်သတ္တဝါပါသေးလား . . . (မပါ,ပါဘူးဘုရား)။

ဒါဖြင့် ဖြစ်တိုင်းဖြစ်တိုင်း ဒကာ ဒကာမတို့ ဩော် . . . ကြားပြန်လည်း ဒီအတိုင်း၊ နံပြန်လို့ရှိရင်လည်း ဒီအတိုင်း၊ အထည်အလိပ်တွေနဲ့ ခန္ဓာကိုယ်တွေပြန်လည်း ဒီအတိုင်း၊ မြင်ပြန်ရင်လည်း ဒီအတိုင်း . . . (မှန်ပါဘုရား)။

နာမက္ခန္ဓာလေးပါးဖြစ်လိုက်၊ ကုသိုလ်ဖြစ်လိုက်၊ ဒီ့ပြင်နေရာကျတော့ ဆဲသံကြားလိုက်တဲ့အခါကျတော့ ကြားတာက နာမက္ခန္ဓာလေးပါး . . . (မှန်ပါဘုရား)။ မခံချင်တာက ဒေါသ . . . (မှန်လှပါဘုရား)။

ဒေါသ

အင်း . . . ဒါဖြင့် ကြားတဲ့နာမက္ခန္ဓာလေးပါး ချုပ်ပြီး၊ မခံချင်တဲ့ဒေါသနာမက္ခန္ဓာ မဖြစ်ဘူးလား . . . (ဖြစ်ပါတယ်ဘုရား)။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

ဒီလိုချည်းပဲ လှည့်ပြီး သကာလနေတော့ ဘာပဲကြား ကြား ဒကာ ဒကာမတို့ ဒီပဋိစ္စသမုပ္ပာဒ် ဖြစ်ပေါ်အောင် ဖြစ်ပျက်ပဲ လာတာပဲ . . . (မှန်ပါဘုရား)။ ကြားတဲ့ဓမ္မဖြစ်ပျက်ပြီး ကုသိုလ်ဖြစ်တဲ့ ဓမ္မလာပြန်တာပဲ . . . (မှန်လှပါဘုရား)။ ကုသိုလ်ဓမ္မဖြစ်ပျက်ပြီး သကာလ ကြားတတ်တဲ့ဓမ္မ လာပြန်တာပဲ . . . (မှန်လှပါဘုရား)။

ကြားတတ်တဲ့မွေက အသံကမကောင်းတော့ ဆဲသံ၊ ဆိုသံကြားရပြန်တဲ့အခါကျလို့ရှိရင်ဖြင့် အဲဒီကြားတတ်တဲ့ ဓမ္မ ချုပ်ပြီးသကာလ ဇော (၇)ကြိမ်ဆိုတဲ့ ဒေါသစိတ်တွေ ပေါ် ပေါက်လာတယ် . . . (မှန်လှပါဘုရား)။ မပေါ်လာဘူးလား . . . (ပေါ်လာပါတယ်ဘုရား)။

မောဟ

ကြားတာကို ကြားတော့ကြားရဲ့ဆိုတော့ နာမက္ခန္ဓာ လေးပါးလာပြန်တာပဲ . . . (မှန်လှပါဘုရား)။ ကြားတာ မကွဲ ဘူးလို့ဆိုပြန်တော့လည်း မောဟပေါ်လာပြန်တယ် . . . (မှန်လှ ပါဘုရား)။ ကြားတာမကွဲဘူး၊ မကွဲတော့ ဘာမှမသိဘူးပြော တာပေါ့။ ဘာမှန်းမသိတော့ ကြားတာမကွဲတာက၊ ကြားတာ ကတော့ ကြားတဲ့ နာမက္ခန္ဓာ၊ မကွဲတာက ဝိစိကိစ္ဆာမောဟ . . . (မှန်လှပါဘုရား)။

ကြားတာက ဘာတုံး . . . ကြားတဲ့ နာမက္ခန္ဓာလေးပါး ပါ၊ မကွဲတာက . . . (ဝိစိကိစ္ဆာပါဘုရား)။ ဝိစိကိစ္ဆာဇော (၇) ကြိမ်ဖြစ်ပြန်တာပဲ . . . (မှန်လှပါဘုရား)။ ဒါပဲလှည့်နေကြတာ ပဲ . . . (မှန်လှပါဘုရား)။

အဲတော့ ပုဂ္ဂိုလ်သတ္တဝါ ဒီအထဲပါသေးသလား . . . (မပါ, ပါဘူးဘုရား)။ ဒါဖြင့် ဒကာ ဒကာမတို့ ကြားတာရယ်၊ ကုသိုလ်ဖြစ်တာရယ်၊ ကြားတာရယ်၊ အကုသိုလ်ဖြစ်တာရယ် . . . (မှန်လှပါဘုရား)။ ကြားတာရယ်၊ မောဟဆိုတဲ့ တရားဖြစ်တာရယ်၊ သဘောကျပြီလား . . . (မှန်ပါဘုရား)။

အင်း-သီချင်းသံလေးကြားပြန်တော့လည်း ကြားတာက နာမက္ခန္ဓာလေးပါး၊ သာယာတာက တဏှာလာပြန်ပြီ . . . (မှန်လှပါဘုရား)။ ဒါဖြင့် တဏှာဇော (၇) ကြိမ်လာပြန်တော့ ကြားတာလည်း နာမ်တရား၊ ဩော် . . . ကြားလို့သဘောကျတာလည်း နာမ်တရားပဲ၊ ပုဂ္ဂိုလ်သတ္တဝါပါသေးလား . . . (မပါ, ပါဘူးဘုရား)။

ဒါဖြင့် ဒီလိုချည်းပဲ တစ်နေ့လုံးဟာဖြင့် ဒါတွေ လှည့်နေတာပဲဆိုတော့ ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတစ်ပါးပါသေးသလား . . . (မပါ, ပါဘူးဘုရား)။ အဲဒီကဲ့သို့ မပါဘူးဆိုတာ ဒကာကြွယ် ဒကာသစ်တို့က ဒီအတိုင်း ဩော် . . . ဒါက အသိဉာဏ်နဲ့ ဒီအတိုင်းထားလိုက် . . . သူတို့လှည့်နေတာပဲ။ ပေါ်လာကြပြီလား . . . (ပေါ်လာပါတယ်ဘုရား)။

အဲဒီကဲ့သို့ ပေါ်လာတာရှင်းလင်းပြီးသွားတော့မှတဲ့ ကြားတတ်တဲ့ ဓမ္မကလေး၊ နာမက္ခန္ဓာလည်းချုပ်ပါရော၊ ကုသိုလ်

ဖြစ်တဲ့ ဓမ္မပေါ်လာပြန်တယ် . . . (မှန်လှပါဘုရား)။ သဘော ကျပြီလား . . . (ကျပါတယ်ဘုရား)။

ကုသိုလ်ဖြစ်တဲ့ ဓမ္မလေးချုပ်သွားပြန်တော့ နောက်ထပ် အင်း ဆဲသံကြားပြန်တယ်ဆိုတော့ ဘာပေါ်လာပြန်သတုံး . . . ကြားတတ်တဲ့ဓမ္မပေါ်တယ်၊ ရှေးဦးစွာ ကြားရဦးမှာကိုး ဗျ (မှန်လှပါဘုရား)။

ပြန်ပြောရဦးမယ်၊ ခင်ဗျားတို့ တရားသံလေး၊ တရား ဟောနေတဲ့ အသံကလေးကြားတယ်၊ နားထဲ နာမက္ခန္ဓာ ဘယ် နှစ်ပါးပေါ်တုံး . . . (လေးပါးပါဘုရား)။ အင်း ကြားပြီး သကာ လ ခင်ဗျားတို့ ဝမ်းထဲမှာပဲ ကုသိုလ်စိတ်ကလေးကော ကြားစိတ် ကလေးချုပ်သွားပြီး တရားနာရတာ ကုသိုလ်ဖြစ်တယ် ဆိုတာ လေးမလာဘူးလား . . . (လာပါတယ်ဘုရား)။

အဲဒီ ကုသိုလ်ဖြစ်တယ်ဆိုတဲ့ စိတ်ကလေးဟာလည်း ဖြစ်ပြီးပျက်သွားတော့ ချုပ်သွားပြန်တာပဲ . . . (မှန်ပါ့ဘုရား)။ တစ်ခါ အင်း ကလေးငိုသံကြားပြန်တယ်ဆိုတော့ ကြားတတ် တဲ့ နာမက္ခန္ဓာလေးပါး ပြန်ပေါ်တယ် . . . (ပြန်ပေါ်ပါတယ် ဘုရား)။

အင်း . . . သူ့ ငိုသံကြားရတာ စိတ်မချ၊ လက်မချ ဖြစ် လာတယ်ဆိုတော့ ကြားပြီးတဲ့စိတ်ချုပ်သွားတော့ ဒေါသဇော

(၇) ကြိမ်လာပြန်တာပဲ . . . (မှန်လှပါဘုရား) သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

ကောင်းပြီ၊ ကိုယ့်ကလေးလား၊ နောက်တစ်ခါ ကြားပြန်တော့ ကိုယ့်ကလေးလား၊ သူ့ကလေးလား မသိဘူး၊ ကြားတော့ ကြားတယ်ဆိုတော့ ဘာပေါ်ပြန်သတုံး၊ ကြားတဲ့ နာမက္ခန္ဓာပေါ်ပြန်တယ်၊ ကြားတဲ့ နာမက္ခန္ဓာပေါ်ပြီး သကာလ သူ စဉ်းစားခန်းလေးကော မထုတ်ဘူးလား . . . (ထုတ်ပါတယ်ဘုရား)။

## ဒါတွေပဲ လှည့်နေတာ

ကိုယ့်ကလေးလား၊ သူများကလေးလားဆိုတဲ့ ဝိစိကိစ္ဆာဇောမလာဘူးလား . . . (လာပါတယ်ဘုရား)၊ ဒီလိုလှည့်မနေဘူးလား . . . (လှည့်နေပါတယ်ဘုရား)။ ဒါဖြင့် ကြားလိုက် ကုသိုလ်ဖြစ်လိုက်၊ ကြားလိုက်အကုသိုလ်ဖြစ်လိုက်၊ ကြားလိုက် မောဟဖြစ်လိုက်၊ ဒီလိုပဲမနေဘူးလား . . . (နေပါတယ်ဘုရား)။

ဒါတွေပဲ လှည့်နေတာနော် . . . (မှန်လှပါဘုရား)၊ ပုဂ္ဂိုလ်သတ္တဝါပါသေးသလား (မပါ, ပါဘူးဘုရား)။ ပဋိစ္စသမုပ္ပာဒ်တွေ၊ ပဋိစ္စသမုပ္ပန္နတရားတွေ လှည့်နေတယ်ဆိုရင် လွဲပါ့မလား . . . (မလွဲပါဘူးဘုရား)။

အဲ့ဒါတွေ သိထားတော့မှ ဘယ်အချိန်မဆို အင်း ကြားတတ်တဲ့မွေလေး ပေါ်လိုက်ပျောက်လိုက်၊ ကုသိုလ်ဖြစ်တဲ့ မွေလေးပေါ်လိုက် ပျောက်လိုက်၊ ကြားတတ်တဲ့ မွေပေါ်လိုက်၊ ပျောက်လိုက်၊ ဒေါသဖြစ်တဲ့ အကုသိုလ်လေးကောပေါ်လိုက် . . . (ပျောက်လိုက်ပါ ဘုရား)။

ကြားတတ်တဲ့ မွေပေါ်လိုက် ပျောက်လိုက်၊ ဒေါသဖြစ်တဲ့ မွေလေးပေါ်လိုက် . . . (ပျောက်လိုက်ပါဘုရား)။ ဒါဖြင့် ဒကာသစ်တို့ ဒကာကြွယ်တို့ သန္တာန်မှာ ဒါတွေလှည့်နေတာ . . . (မှန်လှပါဘုရား)။

## တရားတွေလှည့်နေတာ

တစ်နေ့လုံး ပဋိစ္စသမုပ္ပာဒ်၊ ပဋိစ္စသမုပ္ပန္နတရားတွေ လှည့်မနေဘူးလား . . . (လှည့်နေပါတယ်ဘုရား)။ ဘယ်မှာတုံးဗျ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတစ်ပါး ယောကျ်ား မိန်းမတွေ လှည့်နေတဲ့ အထဲပါသေးသလား . . . (မပါ, ပါဘူး ဘုရား)။

## သက္ကာယဒိဋ္ဌိပြုတ်တယ်

အဲဒါမပါတာသိတော့မှ အင်း ပေါ်လာတာ ပုဂ္ဂိုလ် သတ္တဝါ ဒီအထဲမှာ လုံးဝကို မပါတာသိတော့ ငါ သူဆိုတာ

ဆိတ်သုဉ်းသွားတယ် . . . (မှန်လှပါဘုရား)။ ဒီအထဲ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိပြုတ်ထွက်သွားတယ် . . . (မှန်လှပါဘုရား)။

အင်း ကြားတတ်တဲ့ ဓမ္မလေးချုပ်ပြီးသကာလ ကုသိုလ်ဖြစ်တဲ့ ဓမ္မလေးပေါ်ပြန်တယ်ဆိုတော့လည်း ဒကာ ဒကာမတို့ သဿတဒိဋ္ဌိပြုတ်ထွက်သွားတယ် . . . (မှန်လှပါဘုရား)။ ကြားတတ်တဲ့ ဓမ္မလေးက ခိုင်မြဲရဲ့လား . . . (မခိုင်မြဲပါဘုရား)။ ချုပ်သွားတာသိသဖြင့် သဿတစင်သွားတယ် . . . (မှန်လှပါဘုရား)။

အင်း . . . သူချုပ်သွားပြီး ကုသိုလ်ဖြစ်တဲ့ ဓမ္မလေးပေါ်ပြန်တယ်လို့ မလာဘူးလား . . . (လာပါတယ်ဘုရား) ပေါ်ပြန်တယ်ဆိုတော့ အကြောင်းသာချုပ်သွားတယ် အကျိုးက ပေါ်လျက်မနေဘူးလား . . . (နေပါတယ်ဘုရား)။

## ဥစ္ဆေဒဒိဋ္ဌိပြုတ်တယ်

ပေါ်ပြန်တော့လဲ ဥစ္ဆေဒဒိဋ္ဌိပြုတ်သွားတာမျိုး ဟုတ်ကဲ့လား . . . (မဟုတ်ပါဘူးဘုရား)။ အကြောင်းချုပ်သွားပြီး အကျိုးပြန်ပေါ်ပြန်တယ် . . . (မှန်လှပါဘုရား)။ ပေါ်ပြန်တော့လည်း ဒကာ ဒကာမတွေက စဉ်းစားတာပေါ့၊ အင်း ပြတ်သွားပြီ အောက်မေ့တယ်လို့ မယူဘဲနဲ့ ဩော် . . . အကြောင်းချုပ်ပေမယ့် အကျိုးပေါ်တော့ကို အင်း ဒါသည် ပြတ်သွားတဲ့သဘောကော ရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား)။

ဒိဋ္ဌိသုံးမျိုးလှည့်ရှင်းပေးနေတယ် . . . (မှန်လှပါဘုရား)။ ကြပ်ကြပ်သတိထားပါ၊ ဘာလှည့်ရှင်းပေးနေတာတုံး . . . (ဒိဋ္ဌိသုံးမျိုးလှည့်ရှင်းပေးနေတာပါဘုရား)။ ဒိဋ္ဌိသုံးမျိုး လှည့်ရှင်းပေးနေတယ် . . . (မှန်လှပါဘုရား)။

## ဒိဋ္ဌိမကွာရင် နိဗ္ဗာန်မရ

ဒီ ဒိဋ္ဌိမကွာဘဲနဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တလုပ်ခဲ့သော် ဘယ်နည်းနဲ့မှ နိဗ္ဗာန်မရ . . . (မရပါဘူးဘုရား)။ ဒိဋ္ဌိမကွာဘဲနဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တလုပ်ခဲ့သော်၊ (နိဗ္ဗာန်မရဘူးဘုရား)၊ ဒိဋ္ဌိမကွာဘဲနဲ့ ဒါန၊ သီလတွေလုပ်ခဲ့သော် . . . (နိဗ္ဗာန်မရပါဘူးဘုရား)။ နိဗ္ဗာန်မရ။

သုဂတိ နတ်ပြည်တော့ . . . (ရပါတယ်ဘုရား)။ ရယ်တယ်။ ဒီလိုခွဲပြီးသကာလ ရှင်းရှင်းလင်းလင်းလေး မှတ်ထားပါဦး . . . (မှန်လှပါဘုရား)။ သဘောပါကြပြီလား . . . (ပါ, ပါတယ်ဘုရား)။

## နတ်ရွာသုဂတိတော့ ရောက်တယ်

ဒါဖြင့် ဒကာ ဒကာမတို့ ဒိဋ္ဌိနယ်သည်ကားလို့ဆိုရင် တယ်ကျယ်ပါလားဆိုတာ နတ်ရွာသုဂတိတော့ ရောက်တယ်

တဲ့၊ ဒိဋ္ဌိမပြုတ်ဘြား၊ ငါလုပ်လို့ ငါရတယ်ဆိုတာ ငါက ပြုတ်ရဲ့လား . . . (မပြုတ်ပါဘူး ဘုရား)။

ငါပါပင်ပါဘြားသော်လည်း နတ်ရွာသုဂတိတော့ ရပါတယ် . . . (မှန်ပါ)။

သို့သော် နိဗ္ဗာန်ကျတော့ . . . (မရပါဘူးဘုရား)။ ဘာခံနေလို့ပါလိမ့် . . . (ဒိဋ္ဌိခံနေလို့ပါဘုရား)။ ဒိဋ္ဌိခံနေလို့ဆိုတာကော ကောင်းကောင်းကျေနပ်ပါပြီလား . . . (ကျေနပ်ပါတယ်ဘုရား)။

ဪ . . . ဒါဖြင့် ဒိဋ္ဌိဖြုတ်ဖို့ အရေးသည်ကားလို့ဆိုရင်ဖြင့် တော်တော်ကြီးတဲ့အရေးပါလားဆိုတာ ပေါ်လာတယ် . . . (ပေါ်လာပါတယ်ဘုရား)။ ဒီနေ့ဟောလတ္တံ့ဖြစ်တဲ့ ယမကသည် ဒကာ ဒကာမတို့ အတ္တဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိရှိနေလို့ နိဗ္ဗာန်မရဘူး . . . (မှန်လှပါဘုရား)။

ဒီနေ့ဟောလတ္တံ့ယမကမှာ ဘယ်ဒိဋ္ဌိရှိနေပါလိမ့်။ (အတ္တဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိရှိနေပါတယ်ဘုရား)။ နောက် ဝတ္ထုထုတ်လာတော့ ပေါ်ပါလိမ့်မယ် . . . (မှန်လှပါ ဘုရား)။

နောက်ဝတ္ထုထုတ်လာတဲ့အခါ ဒကာ ဒကာမတို့ လေးလေးစားစား ဉာဏ်ထဲမှာ ဪ . . . တယ်ခံတဲ့ဒိဋ္ဌိပါလား၊ ဒါ့ကြောင့် ယမကမှာ နိဗ္ဗာန်မရတဲ့အပြင် ဥစ္ဆေဒဒိဋ္ဌိတောင်

ဖြစ်သွားသေးတယ်ဆိုတာ ပေါ်လာပါလိမ့်မယ် . . . (မှန်လှပါဘုရား)။

သို့သော် သူ့ဝတ္ထုအသာထားပြီး ဒကာ ဒကာမတွေ ချက်ချင်းဒိဋ္ဌိပြုတ်ဖို့အရေးကို ကြီးနေလို့ ဖြုတ်ပေးနေတာ . . . (မှန်လှပါဘုရား)။ နေရာကျကြပြီလား . . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့သန္တာန်မှာ ပဋိစ္စသမုပ္ပန္နတရားတွေ လှည့်မနေဘူးလား . . . (လှည့်နေပါတယ်ဘုရား)။ အင်း . . . တစ်နေ့လုံး မသေမချင်း ဘာတွေများ လှည့်နေကြပါလိမ့် . . . (ပဋိစ္စသမုပ္ပန္နတရားတွေ လှည့်နေပါတယ်ဘုရား)။

ကြားတတ်တာလေး ပေါ်လာလိုက်၊ ကြားတတ်တဲ့ နာမက္ခန္ဓာလေးပေါ်လိုက်၊ တော်ကြာ ကုသိုလ်လေးကကော . . . (ပေါ်လာပါတယ်ဘုရား)။ ကြားတာကချုပ် ကုသိုလ်က ပေါ် . . . (မှန်ပါတယ်ဘုရား)။

ကြားတာကော ပုဂ္ဂိုလ်သတ္တဝါဟုတ်ပါရဲ့လား . . . (မဟုတ်ပါဘူးဘုရား)။ အတ္တဒိဋ္ဌိမပြုတ်သေးဘူးလား . . . (ပြုတ်ပါတယ်ဘုရား)၊ အတ္တဒိဋ္ဌိပြုတ်သွားပြီတဲ့၊ နှစ်ခွန်းပြော တတ်တဲ့ ဓမ္မလေးကကော ချုပ်မသွားဘူးလား . . . (ချုပ်သွားပါတယ်ဘုရား)။

ချုပ်သွားတာကို သိလိုက်သဖြင့်လည်း ဩော် . . . ကြားတာလေးဟာ ကြားတာပဲလို့ သိတုန်းက ကြားတတ်တဲ့ နာမ်ဓမ္မက ကြားတာပဲလို့သိတုန်းက အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ ပြုတ်ပါတယ် . . . (မှန်လှပါဘုရား)။

ကြားတတ်တဲ့ ဓမ္မလေးကကြားပြီး ချုပ်တာပဲလို့ သိလိုက်သဖြင့် ခိုင်မြဲတယ်ဆိုတာ ယူလို့ရသလား . . . (မရပါဘူးဘုရား)။ သဿတဒိဋ္ဌိပြုတ်ပြီပေါ့၊ မပြုတ်ဘူးလား . . . (ပြုတ်ပါတယ်ဘုရား)။

ကြားတတ်တဲ့ဓမ္မလေး ကြားတတ်တဲ့တရားသံ ဓမ္မလေး ချုပ်သွားပြီး နောက်က ဘာပေါ်လာသတဲ့ (ကုသိုလ်ပေါ်လာပါတယ်ဘုရား) ကုသိုလ်ပေါ်လာတယ်၊ တရားနာတဲ့ ကုသိုလ်စိတ်ကလေးနော် . . . (မှန်လှပါဘုရား)။

ကုသိုလ်စိတ်ကလေး ပေါ်လာတာ မြင်သဖြင့်လည်း အလိုလိုပေါ်တာလား၊ ကြားတတ်တဲ့ ဓမ္မက ကျေးဇူးပြုလိုက်လို့ ပေါ်လာတာလား . . . (ကြားတတ်တဲ့ဓမ္မက ကျေးဇူးပြုလိုက်လို့ ပေါ်လာတာပါဘုရား)။ ဩော် . . . အကြောင်းအကျိုးက တော့ မဆက်လား . . . (ဆက်ပါတယ်ဘုရား)။

ဆက်တာထောက်လိုက်သဖြင့် ဥစ္ဆေဒဒိဋ္ဌိကော ယူလို့ ရသေးရဲ့လား . . . (မရပါဘူးဘုရား)။ ဒိဋ္ဌိသုံးမျိုး ခွါသွားတာကို

ခင်ဗျားတို့ ကြပ်ကြပ်စဉ်းစားပါ။ ဒီအတိုင်း ဒကာ ဒကာမတွေက သဘောသုံးမျိုးပါတယ်ဆိုတာ ဒကာကြွယ် ဒကာသစ်တို့ သေသေချာချာမှတ်ပါ . . . (မှန်လှပါဘုရား)။

ပြန်ပြောပါဦးမယ် ဒကာကြွယ် တစ်ခေါက်ရှင်းအောင်၊ ဒိဋ္ဌိသုံးမျိုးကို ခွါပေးနေတာ . . . (မှန်ပါဘုရား)။ ဒိဋ္ဌိသုံးမျိုးခွါပေးနေတယ်ဆိုတော့ ကိုင်း . . . ဘုန်းကြီးက တရားသံလေး၊ တရားသံကို ဒကာ ဒကာမတွေ ကြားလောက်အောင်ပဲ ကျေးဇူးပြုလိုက်တော့ ခင်ဗျားတို့ ကြားတတ်တဲ့ နာမက္ခန္ဓာလေးပါးနားထဲ မပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

အင်း . . . ပုဂ္ဂိုလ်သတ္တဝါကြားတာလား . . . သူပေါ်တာလား . . . (သူပေါ်တာပါဘုရား)။ သူက ကြားတာမဟုတ်လား၊ ကြားတတ်တဲ့ဓမ္မလေး ပေါ်လာတယ်လို့ မဆိုနိုင်ဘူး . . . (ဆိုနိုင်ပါတယ်ဘုရား)။

ငါကြား သူကြား ဘယ့်နှယ်နေတုံး . . . (မဟုတ်ပါဘူးဘုရား)။ ငါကြား သူကြားမဟုတ်ဘူးဆိုကတည်းက အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိပြုတ်ပါပြီ . . . (ပြုတ်ပါပြီဘုရား)။ မပြုတ်သေးဘူးလား . . . (ပြုတ်ပါပြီဘုရား)။

ဒါ မှတ်ထား၊ မှတ်ထားနော်၊ ငါကြားသူကြား ဟုတ်သေးရဲ့လား . . . (မဟုတ်ပါဘူးဘုရား)။ ကြားတတ်တဲ့ဓမ္မလေး

ပေါ်လာတာသက်သက်ပဲ၊ နိဿတ္တနိဇ္ဇီဝ သတ္တဝါမဟုတ်၊ အသက်မဟုတ်တဲ့ ဓမ္မလေးပေါ်လာတာပဲ . . . (မှန်လှပါဘုရား)။ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ၾငင်း ကြားတတ်တဲ့ဓမ္မလေးလည်း ဖျတ်ဆို ချုပ်သွားတော့ တရားသံကြားရတဲ့ ဒကာ ဒကာမတွေက ကုသိုလ်စိတ်ကလေးတွေများ ဖြစ်လိုက်ကြတာ . . . (မှန်လှပါဘုရား)။ ကုသိုလ်စိတ်ကလေးဟာ အလိုလို ဖြစ်လာတာလား၊ ကြားတတ်တဲ့ ဓမ္မလေး ချုပ်သွားလို့ ပေါ်လာတာလား . . . (ကြားတတ်တဲ့ဓမ္မလေးချုပ်သွားလို့ပါ ဘုရား)။

ကြားတတ်တဲ့ဓမ္မလေးချုပ်သွားလို့ ပေါ်လာတော့ ကြားတတ်တဲ့ဓမ္မက မချုပ်ရင်လည်း သူပေါ်ပါ့မလား . . . (မပေါ်ပါဘူးဘုရား)။ ဒါဖြင့် ကြားတတ်တဲ့ဓမ္မက ကျေးဇူးပြုလိုက်တာနဲ့ ကြားလို့ဖြစ်တဲ့ ကုသိုလ်စိတ်ကလေးဟာ ပေါ်လာတာ . . . (မှန်လှပါဘုရား)။

ပေါ်လာတော့ ဒကာ ဒကာမတွေက ဩော် . . . ကြားပြီးချုပ်သွားတာပဲဆိုငြားသော်လည်း ကုသိုလ်စိတ်ကလေးက နောက်ထပ်ပေါ်လာတာ ထောက်လိုက်ပြန်တော့ အရင်ဟာ မခိုင်တာလည်း သိတယ်၊ ကြားတတ်တဲ့စိတ် မခိုင်တာကော . . . (သိပါတယ်ဘုရား)။

မခိုင်တာသိတုန်းက ပျက်သွားတာသိလိုက်ခြင်းကြောင့် ဘာဒိဋ္ဌိစင်သွားတုံး (သဿတဒိဋ္ဌိစင်သွားပါတယ်ဘုရား) သဿတဒိဋ္ဌိစင်သွားတယ်၊ လေးလို့မရဘူး။ ဒါပိုင်တဲ့ သူမှ ပြောတတ်တာ . . . (မှန်ပါ့ဘုရား)။

ကြားတတ်တဲ့ ဓမ္မလေးချုပ်သွားလို့ ဒကာ ဒကာမတွေ ကုသိုလ်စိတ်ကလေး နောက်ထပ်ပေါ်လာတာ . . . (မှန်လှပါဘုရား)။ ကြားတတ်တဲ့ ဓမ္မလေးချုပ်သွားတာသိလိုက်သဖြင့် ဘယ်ဒိဋ္ဌိစင်တုံး . . . (သဿတဒိဋ္ဌိစင်ပါတယ် ဘုရား)။

ကြားတတ်တဲ့ ဓမ္မလေးချုပ်သွားတာနဲ့ပဲတဲ့ ကုသိုလ် ဓမ္မလေး နောက်ထပ်ပေါ်လာတယ်လို့ မသိရဘူးလား . . . (သိရပါတယ်ဘုရား)။ ဒီလို ကုသိုလ်ဓမ္မပေါ်လာတယ်လို့ သိပြန်တော့လည်း ဘယ်ဒိဋ္ဌိစင်သွားတုံး (ဉစ္ဆေဒိဋ္ဌိစင်ပါတယ်) . . . ရမ်းလို့မရဘူး။ ရမ်းလို့မရဘူး။ ဉစ္ဆေဒဒိဋ္ဌိစင်တယ်၊ ဟို သီလရှင်တွေက လူလောက်မှ မဟန်ဘဲ ဖြစ်နေလိမ့်မယ်။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ အဖြေ မနေ့က ရှင်းနေအောင် ပြောခဲ့ပါတယ်။ အဖြစ်မြင်ရင် ဉစ္ဆေဒစင်တယ်၊ မပြောခဲ့ဘူးလား . . . (ပြောခဲ့ပါတယ်ဘုရား)။

အပျက်မြင်ရင် . . . သဿတစင်တယ်၊ အဲဒါနှစ်ခုက မမေ့စေရဘူး . . . (မှန်လှပါဘုရား)။ သဘောကျပြီလား (ကျပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ မဂ်ဖိုလ်အားထုတ်တဲ့အခါမှာ ဒါတွေကို သဘောမကျဘဲနဲ့ အလကားနေရင်းဖြစ်ပြီ၊ ပျက်ပြီ၊ ဖြစ်ပြီ၊ ပျက်ပြီလို့ လုပ်နေလို့ ရကိုမရတာ ရိပ်မိကြပြီလား . . . (ရိပ်မိပါပြီဘုရား)။

ဒီ ဒိဋ္ဌိက အပင်းခံနေတယ်။ (မှန်လှပါဘုရား)။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။ ရှင်ဆန္ဒအနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ နားလည်လျက်သားနဲ့ ဒကာ ဒကာမတို့ နိဗ္ဗာန် မရဘူးလို့ မနေ့က ဟောခဲ့တယ်၊ အင်းအတ္တဒိဋ္ဌိနဲ့ ဘာတုံး၊ သဿတ ဒိဋ္ဌိငြိ နေတယ်။

ဒီနေ့ ယမက မှာတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ လုပ်လျက်သားနဲ့ မရပြန်ဘူး။ အတ္တဒိဋ္ဌိနဲ့ . . . (ဥစ္ဆေဒ ဒိဋ္ဌိပါဘုရား)။ အဲ . . . အဲ ခုဖြေတဲ့အထဲမှာလည်း ဒီလို ကန့်လန့် ကိုယ် သဘောမကျဘဲနဲ့ အဖြေထုတ်ပြီး ကိုယ့်ဉာဏ်ထဲမှာ ဝိပဿနာ ဉာဏ်မပါဘဲနဲ့ သဘောမကျဘဲနဲ့ နေတဲ့ပုဂ္ဂိုလ်မှာ သူ့မှာ ဒိဋ္ဌိ ရှိနေတယ် . . . (မှန်လှပါဘုရား)။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

ဘာရှိတယ် . . . (ဒိဋ္ဌိရှိပါတယ်ဘုရား)။ ဒိဋ္ဌိရှိနေလို့ ရှိနေရင်ဖြင့် ဘယ်လိုပဲလုပ်နေနေ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ

အာပေါက်အောင် အားထုတ်၊ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။ မရဘူး။

ရပ့်မလား . . . (မရပါဘူးဘုရား)။ အဲဒါ အသေအချာ မှတ်ပါ။ ကိုယ့်အရေးထက် ကိုယ်ကြီးတာကို ကြပ်ကြပ်သတိထားစမ်းပါ။ ဒကာသစ်တို့ ဒကာကြွယ်တို့၊ ဒီ ဒိဋ္ဌိရှိနေရင် ဘယ်တော့မှ . . . (မရနိုင်ပါဘူးဘုရား)။ မရနိုင်ဘူး။

နိဗ္ဗာန်လည်း ဘယ်တော့မှ မသိဘူးတဲ့။ ဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်ဟာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်လည်း မရနိုင်ပါဘူး . . . (မရနိုင်ပါဘူး ဘုရား)။ နိဗ္ဗာန်ကော . . . (မရနိုင်ပါဘုရား)။ နိဗ္ဗာန်ကိုလည်း သိကို မသိဘူးတဲ့ . . . (မှန်လှပါဘုရား)။

ဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်သိတယ်လို့ကို မရှိဘူးတဲ့။ (မှန်လှပါဘုရား)။ ရမှာဝေးလို့ သိကိုမသိပါဘူး . . . (မှန်လှပါဘုရား)။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

## ကိုယ်လုပ်ထားတာ မသေချာလို့

အဲဒီတော့ ကိုယ့်အရေးဟာ ဒကာ ဒကာမတို့ အဖြေထွက်လာတာကို ကြည့်လိုက်လို့ရှိရင်ပဲ ကိုယ်မစင်သေးတာ ကိုယ်ပေါ်လာတယ် . . . (မှန်လှပါဘုရား)။ သေသေ ချာချာ စဉ်းစား၊ ဒီအထဲမှာကို ပုဂ္ဂိုလ်တွေက အမျိုးမျိုးပါလာတယ် . . .

(မှန်လှပါဘုရား)။ ကြပ်ကြပ် ဒကာကြွယ်တို့ စဉ်းစားနော်။

ကိုယ်လုပ်ထားတာ မသေချာသေးလို့ရှိရင် ဒီဥစ္စာကိုယ့် ဒိဋ္ဌိသံထွက်လာတာပဲ . . . (မှန်လှပါဘုရား)။ ကိုယ်လုပ်ထားတာ မသေချာရင် . . . (ကိုယ့်ဒိဋ္ဌိသံထွက်လာပါ တယ်ဘုရား)။

**အင်မတန် ရှက်စရာကောင်း**

အဲ . . . ကိုယ့်သန္တာန်ဒိဋ္ဌိရှိတာကို အခု အပြောကပဲ သက်သေမခံဘူးလား . . . (ခံပါတယ်ဘုရား)။ အဲ့ဒါ ကြပ်ကြပ် စဉ်းစားပါ။ အင်မတန် ရှက်စရာကောင်းတယ်လို့ မှတ်လိုက်စမ်း ပါ . . . (မှန်လှပါဘုရား)။

ကဲ . . . ဒါဖြင့် ပြန်ပြောမယ် ဒကာ ဒကာမတို့ ရှင်း အောင် ပြောပေးမယ်၊ ကဲ . . . ဒကာကြွယ် ဒကာသစ်တို့ ဘုန်း ကြီးက တရားသံလေး လွှတ်လိုက်တဲ့အခါကျတော့ နားထဲ ကြားတတ်တဲ့ နာမက္ခန္ဓာလေးပါးမပေါ်ဘူးလား . . . (ပေါ်ပါ တယ်ဘုရား)။

ပုဂ္ဂိုလ်သတ္တဝါလား . . . (မဟုတ်ပါဘူးဘုရား)။ ဘာလေးတွေပါလိမ့်ဗျာ (ကြားတတ်တဲ့ နာမ်ဓမ္မလေးတွေပါ ဘုရား)။ ကြားတတ်တဲ့ နာမ်ဓမ္မလေးတွေ မဟုတ်လား . . .

(မှန်လှပါဘုရား)။ ဒီလိုသိလိုက်သဖြင့် ဒကာ ဒကာမတွေ ငါ သူတစ်ပါး ယောက်ျား၊ မိန်းမဆိုတဲ့ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိရှိ သေးသလား . . . (မရှိပါဘူးဘုရား)။

မရှိတော့ဘူးနော်၊ ကြားတတ်တဲ့ နာမ်ဓမ္မပေါ်တာ သက်သက်ပဲ . . . (မှန်လှပါဘုရား)။ ကောင်းပြီ၊ ဒီနာမ်ဓမ္မလေး က ဒကာ ဒကာမတို့ ဖျတ်ဆို ချုပ်သွားတယ်၊ မချုပ်ဘူးလား . . . (ချုပ်ပါတယ်ဘုရား)။

တစ်မှာဖြစ်ပြီး နှစ်မှာချုပ်တယ် . . . (မှန်လှပါဘုရား)။ ချုပ်သွားတာလေးကို ဩော် . . . ချုပ်သွားပြီလို့ ဒီဓမ္မဟာ ချုပ် တတ်တဲ့ ဓမ္မပဲလို့ သိလိုက်သဖြင့်တဲ့ ခင်ဗျားတို့ သန္တာန်မှာတဲ့ ချုပ်တာမြင်သဖြင့် ဘယ်ဒိဋ္ဌိစင်ရမှာတုံး . . . (သဿတဒိဋ္ဌိပါ ဘုရား)။ သဿတဒိဋ္ဌိစင်ရမယ်။

ချုပ်တာမြင်ကတည်းက ခိုင်မြဲသေးရဲ့လား . . . (မခိုင် မြဲပါဘုရား)။ မခိုင်မြဲကတည်းက ဩော် ဒါ သဿတဒိဋ္ဌိစင်သွား တာပဲ . . . (မှန်ပါဘုရား)၊ ကြားတတ်တဲ့ ဓမ္မလေးချုပ်သွားပါ ရော ဒကာသစ်၊ ဒကာကြွယ်ရေ ကုသိုလ်ဖြစ်တဲ့ ဓမ္မလေးပေါ် လာတယ် . . . (ပေါ်လာပါတယ်ဘုရား)။

ပဋိစ္စသမုပ္ပာဒ် အစဉ်အတိုင်းပေ့ါဗျာ . . . (မှန်လှပါ ဘုရား)။ ကုသိုလ်ဖြစ်တဲ့ ဓမ္မလေးပေါ်လာတာ သိလိုက်ပြန်

တော့လည်း ဘယ်ဒိဋ္ဌိစင်သွားတုံး . . . (ဥစ္ဆေဒ ဒိဋ္ဌိစင်ပါတယ် ဘုရား)။ ဪ . . . ဟုတ်တယ် ဟုတ်တယ်၊ ဟိုမမွချုပ်ပေမယ့် ဒီမမွကအကြောင်းအကျိုးက ဆက်လျက် မနေဘူးလား . . . (နေပါတယ်ဘုရား)။

ဒါဖြင့် ဥစ္ဆေဒဒိဋ္ဌိ ပြတ်သွားတယ်လို့ ယူသေးရဲ့လား . . . (မယူပါဘူးဘုရား)။ ဒါဖြင့် ဒကာ ဒကာမတို့ ဒီလိုနှစ်ခု ဆက်ပြီး ပြလိုက်သဖြင့် ပေါ်တာပြလိုက်၊ ချုပ်တာပြလိုက်၊ နောက်ပေါ်တာ ဆက်ပြလိုက်၊ ဒီသုံးခုကို လည်လည် မဟော နိုင်တဲ့ ဆရာသမားလည်း ဖြစ်မယ်၊ ခင်ဗျားတို့ အားထုတ်တဲ့ အခါမှာလည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရမ်းပြီးအားထုတ်နေမယ် ဆိုရင် ဘယ်နည်းနဲ့မှ ဒိဋ္ဌိမကွာလို့ မှတ် . . . (မှန်လှပါဘုရား)။ သဘောကျပြီလား . . . (ကျပါတယ် ဘုရား)။

## ကိုယ်သန္တာန် ဒိဋ္ဌိရှိနေရင် မဝေဖန်နိုင်

ကိုင်း-သုံးခေါက်စေ့အောင်တော့ ပြောရလိမ့်မယ် ဒကာကြွယ်ရေ၊ ခင်ဗျားတို့ အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်တွေအတွက်မှာ တော့ဖြင့် ဪ နိဗ္ဗာန်ရမှုအသာထား၊ ဒိဋ္ဌိဉာဏ်ထဲမှာ ကိုယ့် သန္တာန်ဖြစ်တဲ့ တရားမှာဖြစ်နေရင် ဘယ်ဒိဋ္ဌိစင်တယ်၊ ပျက်ရင်

ဘယ်ဒိဋ္ဌိစင်တယ်၊ နောက်တဖန် ပေါ်လာတာသိလိုက်ရင် ဘယ်ဒိဋ္ဌိစင်တယ်ဆိုတာမှ မသိလို့ရှိရင်ဖြင့် ကိုယ့်သန္တာန်ဒိဋ္ဌိရှိသေးလို့သာ မဝေဖန်နိုင်တာပဲ . . . (မှန်လှပါဘုရား)။ သေချာပြီလား . . . (သေချာပါပြီဘုရား)။

ဂဏန်းတစ်ခု ပုစ္ဆာထုတ်ပြီး အတွက်ခိုင်းလိုက်တဲ့အခါ အများချည်း တွက်မယ်ဆိုရင်ဖြင့် ဒီပုဂ္ဂိုလ်ဂဏန်းမှာ မကျင်လည်သေးလို့ဘဲဆိုတဲ့ အဓိပ္ပါယ်ဟာ သူ့ပင်ကိုကတည်းက ဂဏန်းကို မကျင်လည်တာ သေချာတယ် . . . (မှန်လှပါဘုရား)။

ဒါဖြင့် ဂဏန်း မကျင်လည်ခဲ့သည်ရှိသော် ဂဏန်းအပေါ်၌ သူ့မှာ မတွက်တတ်တဲ့ အများရှိတယ်ဆိုရင်ကော (မလွဲပါဘူးဘုရား)၊ . . . ဒါဖြင့် ဒိဋ္ဌိရှိတာပေါ့ . . . (မှန်လှပါဘုရား)။

ဒီမှာလည်း ခင်ဗျားတို့ သန္တာန်မှာ ခု ဆရာဘုန်းကြီး ပြောတာကို ခင်ဗျားတို့ ကျကျနနနားထောင်ပြီး အဖြေမှန်မထွက်သေးဘူးဆိုရင် အလုပ်မှာလည်း အဖြေမှန်မထွက်ဘူး . . . (မထွက်ပါဘုရား)။

အပြောကို နားထောင်ပြီးမှ အဖြေမှန်မထွက်သေးလို့ရှိရင် ကိုယ်တိုင်လုပ်တဲ့အခါလည်း အဖြေမှန်မထွက်နိုင်ဘူး . . . (မှန်လှပါဘုရား)။ ဒကာကြွယ် ထွက်နိုင်ပါ့မလား . . .

(မထွက်နိုင်ပါဘုရား)။ မထွက်နိုင်ဘူးဆိုတာ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

## ကြားတာလေးတစ်ခု မှတ်ပါ

ကောင်းပြီ၊ တစ်ခေါက်တော့ဖြင့် ပြန်ပြောရအောင် ဒကာ ဒကာမတို့ ဒါကြားတာလေးတစ်ခုကို မှတ်လိုက်သဖြင့် ဘုန်းကြီးက တရားသံလေးလွှတ်လိုက်တဲ့အခါမှာ ဒကာကြွယ်၊ ဒကာသစ်တို့ နားထဲမှာ ကြားတတ်တဲ့ နာမ်ဓမ္မမပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

နာမ်ဓမ္မပဲပေါ်တယ်နော် . . . (မှန်ပါဘုရား)။ ငါကြား သူကြားဟုတ်သေးရဲ့လား . . . (မဟုတ်ပါဘူးဘုရား)။ အင်း . . . ငါကြား သူကြား မဟုတ်ဘူး၊ နိသတ္တနိဇ္ဇီဝဆိုတဲ့ သတ္တဝါမဟုတ် အသက်မဟုတ်တဲ့တရား နာမ်ဓမ္မလေးက ကြားတာပဲ . . . (မှန်ပါ့ဘုရား)။ မသိဘူးလား . . . (သိပါတယ်ဘုရား)။

ဘာဒိဋ္ဌိစင်သွားတုံး . . . (အတ္တဒိဋ္ဌိနဲ့ သက္ကာယဒိဋ္ဌိပါဘုရား)။ ဟုတ်တယ်၊ ဒါ သေသေချာချာသာ မှတ်လိုက်ပေတော့ ဒကာ ဒကာမတို့၊ ငါလည်း မဟုတ်ဘူးဆိုတော့ အတ္တဒိဋ္ဌိက မစင်ဘူးလား . . . (စင်ပါတယ်ဘုရား)။

သက္ကာယဒိဋ္ဌိဆိုတာလည်း ဒကာ ဒကာမတို့ အတူတူ ပါပဲ . . . (မှန်ပါဘုရား)။ ဒီ ခန္ဓာငါးပါးကို ငါထင်နေတာ သက္ကာယဒိဋ္ဌိပါပဲ . . . (မှန်ပါဘုရား)။ အဲဒီ နာမက္ခန္ဓာလေးပါး ကို ငါလည်းမဟုတ်၊ သူလည်းမဟုတ်၊ ကြားတတ်တဲ့ ဓမ္မလေးပဲ၊ သတ္တဝါမဟုတ်၊ ဇီဝ မဟုတ်တဲ့ ဓမ္မလေးပဲ သိသွားတော့ အတ္တ ဒိဋ္ဌိက စင်သွားတယ်။

သက္ကာယဒိဋ္ဌိကကော . . . (စင်ပါတယ်ဘုရား)။ စင်သွားပြီ၊ ကိုင်း ဒါဖြင့် ကြားတတ်တဲ့ ဓမ္မလေးဟာ ဖျတ်ဆို ချုပ်သွားတယ်၊ ဒါဖြင့် အရှင်ဘုရားလက်ထက်မှ ပေါ်လာတဲ့ တရားပဲလို့ ဒကာ ဒကာမတွေက စွဲချက်တင်ချင်ရင်လည်း တင် လိမ့်မယ်။

လောဘဆိုတာ တစ်သံသရာလုံး ဘုရားတွေက ကြောက်ရမယ်ချည်း ဟောနေတာ။ အရှင်ဘုရားက လောဘ ဖြစ်တာ မကြောက်နဲ့၊ မောဟဖြစ်တာကြောက်လို့ ဟောနေ တယ်။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

အဲတော့ ဒီဟာ ဆန်းမနေဘူးလား၊ ဆန်းပြီးတော့ နေ တယ်လို့ ထင်တော့ကို ဟောဒီက အသိလိုက်လိုက်လို့ရှိရင် ဒကာ ဒကာမတို့ လောဘရယ်လို့ မဟုတ်တော့ဘူးတဲ့၊ ဘာပြု လို့တုံး၊ သတ္တဝါသန္တာန်မှာ ဒကာသစ် နှစ်စိတ်ဖြစ်ကောင်းရဲ့လား . . . (မဖြစ်ကောင်းပါဘူးဘုရား)။

## လောဘစိတ်ဖြစ်ပြီး ပျက်သွားတယ်

ဒကာကြွယ် လောဘစိတ်ဖြစ်တုန်းလည်း အသိမဖြစ်ပါဘူး။ သဘောကျပြီလား (ကျပါတယ်ဘုရား)။ ဒါဖြင့် လောဘစိတ်ဖြစ်ပျက်ပြီးသွားမှ ဩော် . . . လောဘစိတ်ကလေးဖြင့် ဖြစ်ပြီးပျက်သွားလေရဲ့ ဒီက အသိလိုက်လိုက် (မှန်လှပါဘုရား)။

လိုက်လိုက်တော့ လောဘစိတ်သိတာလား၊ ဥပယဗ္ဗယ သိတာလား . . . (ဥဒယဗ္ဗယ သိတာပါဘုရား)။ ဒါကြောင့် အရှုံးမပေးနိုင်ဘူး၊ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

လောဘစိတ်သိတာလား ဖြစ်ပျက်သိတာလား . . . (ဖြစ်ပျက်သိတာပါဘုရား)။ ဖြစ်ပျက်သိတော့ ဖြစ်ပျက်က အနိစ္စ သိတာက မဂ္ဂသွားဖြစ်တယ်။ ဖြစ်ပျက်က (အနိစ္စ)၊ သိတာက . . . (မဂ္ဂပါဘုရား)။

## ဖြစ်ပျက်မသိမှာသာ ကြောက်ပါ

ဒါကြောင့် လောဘမကြောက်နဲ့၊ ဖြစ်ပျက်မသိတာ ကြောက်၊ ပေါ်ပြီလား . . . (ပေါ်ပါပြီဘုရား)။ လောဘကို . . . (မကြောက်ရပါဘူးဘုရား)။ ဖြစ်ပျက်မသိမှာကို . . . (ကြောက်ရမှာပါဘုရား)။

ကိုင်း . . . ဒကာကြွယ်တို့ ကြောက်နေတာက ဒကာသစ်တို့ ကြောက်နေတာက လောဘကြောက်တယ်၊ ဖြစ်ပျက်မသိမှာကိုတော့ မကြောက်ဘူး၊ ဒါဖြင့် တဏှာသာကြောက်တာ၊ အဝိဇ္ဇာကို မကြောက်ဘူး . . . (မှန်လှပါဘုရား)။ ဒီလိုဖြစ်နေတယ်။

တဏှာသာ ကြောက်နေတယ်။ အဝိဇ္ဇာကို . . . (မကြောက်ပါဘူး ဘုရား)။ အခုတော့ ဟော့ တဏှာ လောဘစိတ်ဖြစ်တယ်၊ ပျက်တယ်တို့ နောက်က အသိလိုက်လိုက်လို့ရှိရင် လောဘလား၊ အနိစ္စလား . . . (အနိစ္စပါဘုရား)။

## သိတာက မဂ္ဂဖြစ်တယ်

ဒါဖြင့် သူက အနိစ္စ၊ သူက မဂ္ဂ၊ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။ ဖြစ်ပျက်က (အနိစ္စ)၊ သိတာက . . . (မဂ္ဂပါဘုရား)၊ သေသေချာချာမှတ်နော်၊ ခင်ဗျားတို့ သေသေ ချာချာမှတ်ပါ ဒကာ ဒကာမတို့ မဂ်ချက်ချင်း ဆိုက်နိုင်လို့ ပြောတာ၊ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

သေသေချာချာမှတ်ကြပါ ဒကာ ဒကာမတို့၊ ခုဟာက လက်တွေ့ပြတာ (မှန်လှပါဘုရား)၊ လောဘစိတ်ဟာ ဖြစ်ပျက်

ဆိုလို့ရှိရင် ဒကာ ဒကာမတို့ ဖြစ်တာပဲ ရှိတာပဲ။ ဖြစ်ပြီး သူ့ သက်တမ်းက ပျက်တာပဲ ရှိတာပဲ . . . (မှန်လှပါဘုရား)။

## သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်သွားတယ်

လောဘစိတ်မရှိဘူးလို့ သိတာက မဂ်ဖြစ်သွားတယ်၊ သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်သွားတယ်။ နို့မဟုတ်လို့ရှိရင် ဘုရားသွား တရားစွဲ ခင်ဗျားတို့ဘုရားက လောဘစိတ်ဖြစ်တာ လောဘစိတ် ဖြစ်တယ်လို့ သိရမှာပေါ့တဲ့ (မှန်လှပါဘုရား)။

လောဘစိတ်ဖြစ်တာ လောဘစိတ်ဖြစ်တယ်လို့ သိရ မယ်လို့ဟောထားတာ (မှန်လှပါဘုရား)။ ဒကာကြွယ် မဟော ဘူးလား . . . (ဟောပါတယ်ဘုရား)။ ဒီအထဲ သတိပဋ္ဌာန် ထိုက်တန်သလောက် ရဖူးတဲ့ ပုဂ္ဂိုလ်မှန်ရင် သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ။

ဘာတုံး . . . စိတ္တာနုပဿနာ သတိပဋ္ဌာန် ပါဠိတော်၊ ဘယ်သူ ဟောတာတုံး၊ ဘုရားအဆူဆူမစွန့်တာ . . . (မှန်ပါ့)။ ဘုရားအဆူဆူဟောတဲ့တရား . . . (မှန်ပါ)။

ကဲ လောဘစိတ်ဖြစ်တာ ကြောက်ရမှာလား၊ မသိတာ ကြောက်ရမှာလား (မသိတာကြောက်ရမှာပါ ဘုရား)။ သဘော ကျပြီလား . . . (ကျပါတယ်ဘုရား)။

## လောဘစိတ်ကို ကြောက်နေကြတယ်

ဒါဖြင့် ဒကာ ဒကာမတို့ အခုစပြီး တရားဟောပါတယ်။ နာရီဝက်ရှိသွားပြီ၊ ဩော် . . . တို့ သည်ကား မိဘရိုးရာက လာပြီး သကာလ စာအုပ်တွေ တောင်ဖတ်၊ မြောက်ဖတ်ပြီး သကာလ လောဘစိတ်ကို တို့ ကြောက်နေတယ်။ လောဘ ဟာ သမုဒယသစ္စာ၊ သူ့မပယ်နိုင် ခက်တယ်ဆိုပြီး ခင်ဗျားတို့က ညည်းလုံးထုတ်နေတယ် . . . (မှန်ပါ့)။

အခုဟာက လောဘစိတ်က သူ့ချည်းသက်သက် အကျိုးပေးနိုင်သလားလို့မေးတော့ လောဘဟာ သူချည်းသက် သက် အကျိုးမပေးနိုင်ဘူး။ ဒကာ ဒကာမတို့ လောဘဟာ သူ ချည်းသက်သက် . . . (အကျိုးမပေးနိုင်ပါဘူး ဘုရား)။

ရှင်းပြဦးမယ် ဒကာ ဒကာမတို့၊ လောဘစိတ်ဖြစ်တဲ့ နောက်က ခင်ဗျားတို့က အသိမလိုက်ဘူးဆိုကြပါစို့ ဒကာကြွယ် ဒကာသစ်က လောဘစိတ်ကို တဏှာ, ပဋိစ္စသမုပ္ပာဒ်အလို မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

တဏှာ ပစ္စယာ . . . (ဥပါဒါန်ပါဘုရား)။ ဟော အသိ မလိုက်လို့ ဥပါဒါန်လိုက်လာတာ . . . (မှန်ပါ့)။ ဥပါဒါန ပစ္စယာ . . . (ဘဝေါပါဘုရား)။ ကမ္မဘဝေါ ကံလိုက်လာလို့ ကံကမှ အကျိုးပေးမှာ . . . (မှန်လှပါဘုရား)။ သဘောကျပြီလား . . . (မှန်ပါ)။

ကံလိုက်လာတော့ ခင်ဗျားတို့ ပြင်လို့ရသေးရဲ့လား . . . (မရပါဘူး ဘုရား)။ မရတော့ သူ့ကြောက်ရမှာလား . . . သူ့အဆက်အနွယ်တွေ ကြောက်ရမှာလား . . . (သူ့အဆက်အနွယ်တွေ ကြောက်ရမှာပါဘုရား)။

အဲ . . . ခင်ဗျားတို့က သူ့ကြောက်နေလို့ ခက်နေတာ . . . (မှန်ပါဘုရား) သဘောကျပြီလား (ကျပါတယ် ဘုရား) . . . သူ့ကြောက်နေလို့ ခက်နေတာ၊ သူ့အဆက်အနွယ်ခွေးမကြီးသာ ကြောက်တယ်၊ ခွေးမကြီးကမွေးတဲ့ ခွေးသူခိုးလေးတွေကျတော့ ခင်ဗျားတို့က အိမ်ခွေးလုပ်ပြီး မွေးရင် ခိုးဦးမှာပဲ . . . (မှန်လှပါဘုရား)။ မခိုးပေဘူးလား (ခိုးမှာပါဘုရား)။

ခွေးသူခိုးမကြီးက မွေးတာပဲ၊ သူ့အမေကသာ ဆိုးတာ သူ့သားသမီးလေးတွေကတော့ တို့ဝအောင်ကျွေးရင် ယဉ်ကျေးမှာပဲလို့ အောက်မေ့ရင် ဒီခွေးသူခိုးကလည်း ဒီမျိုးပဲ . . . (မှန်လှပါဘုရား)။ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။ အဲဒါ သေသေချာချာ လေးလေးနက်နက် မှတ်ပါ။

## အသိလိုက်လိုက်စမ်းပါ

ဒါဖြင့် သူ့နောက်က အဆွယ်အပွားကို ဘုန်းကြီးက ဖြတ်လိုက်မယ်။ လောဘစိတ်ဖြစ်တာ ဒကာကြွယ်၊ ဒကာသစ် အသိလိုက်လိုက်စမ်းဆိုတော့ အဆွယ်အပွားတွေ ဘာဖြစ်သွားတုံး . . . (ချုပ်သွားပါတယ်ဘုရား)။ အဆွယ်အပွားချုပ်တယ်၊ မချုပ်ဘူးလား (ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် အဆွယ်အပွားချုပ်တော့ ကံချုပ်တော့ ဒီဘက်က ဇာတိကော . . . (ချုပ်ပါတယ်ဘုရား)။ ဇရာ မရဏ . . . (ချုပ်ပါတယ်ဘုရား)။

ဇရာမရဏချုပ်တော့ ဇရာမရဏချုပ်တာ နိဗ္ဗာန် . . . (မှန်လှပါဘုရား)။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

ကံချုပ်တာလည်း "ကုသလာ ကုသလံ ဇဟံ" ငါ ကုသိုလ်နဲ့ အကုသိုလ်စွန့်လို့ ဘုရားဖြစ်လာတယ်ဆိုတော့ ကံချုပ်တာလည်း နိဗ္ဗာန် . . . (မှန်ပါဘုရား)။ ဟုတ်ဘူးလား . . . (ဟုတ်ပါတယ်ဘုရား)။

## ဘုရားဟောတရားတော်တွေ လုံလောက်တယ်

တဏှာနိရောဓော နိဗ္ဗာနံလို့ ငါကိုယ်တိုင်ဟောတယ် ဆိုသောကြောင့် ဥပါဒါန်ဆိုတာ တဏှာအရင့်ကို ဆိုတယ် . . .

(မှန်လှပါဘုရား)။ သူလည်း ချုပ်သွားတာပဲ . . . (မှန်ပါဘုရား)။ သဘောပါပြီလား . . . (ပါ, ပါတယ်ဘုရား)။

အဲဒါတွေနဲ့ ရှင်းလိုက်တော့မှ ဩော် . . . ဆရာဘုန်းကြီး ပြောတာက သူ့ဟာသူ ဘုရားဟောတော်မူတဲ့အကြောင်းတွေ တယ်လုံလောက်ပါလားဆိုတာ ပေါ်လာတယ် . . . (မှန်ပါဘုရား)။ မပေါ်သေးဘူးလား . . . (ပေါ်လာပါတယ်ဘုရား)။

## ဘုန်းရှိကံရှိတဲ့ ပုဂ္ဂိုလ်တွေမို့

သာမညနားနဲ့ မထောင်နဲ့လို့ ခင်ဗျားတို့ အင်မတန်ဘုန်းရှိ ကံရှိတဲ့ ပုဂ္ဂိုလ်တွေမို့ ဆရာကောင်း သမားကောင်းနဲ့တွေ့တာနော် . . . (မှန်လှပါဘုရား)။

နို့မဟုတ်လို့ရှိရင် ခင်ဗျားတို့သည် ဘယ်နေရာက ဖြတ်ရမယ်လို့ကို မသိတော့ဘူး . . . (မသိပါဘူးဘုရား)။ အင်မတန်နစ်နာသွားမယ်နော်၊ အင်မတန်နစ်နာသွားမယ်။ အခုတော့ဘုန်းကြီးလက်ထက်မှ ဟောတာလား၊ ဘုရားအဆူဆူ မစွန့်တဲ့တရားဟောတာလား . . . (ဘုရားအဆူဆူမစွန့်တဲ့ တရားဟောတာပါဘုရား)။

ကြည့်လေ "သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ" ဆိုတော့ ဒီရောက်ရမှာ (မှန်လှပါဘုရား)၊ သူက သရာဂစိတ်၊ သူက ပဇာနာတိသိအောင်လုပ်ရမယ် . . . (မှန်လှပါဘုရား)။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

သိအောင်လုပ်လိုက်တော့ ဘာကျေးဇူးရှိသတုံးလို့ မမေးနဲ့၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏပြတ်တဲ့ တရား (မှန်လှပါဘုရား)။

ဒါဖြင့် ဇာတိ၊ ဇရာ၊ မရဏတို့၏ ချုပ်ရာငြိမ်းရာ သိမ်းရာကို ဘာခေါ်ကြမယ် . . . (နိဗ္ဗာန်ပါဘုရား)။ ကံတို့၏ ကုန်ရာကော . . . (နိဗ္ဗာန်ပါဘုရား)။ ဥပါဒါန်ပြတ်ရာကော . . . (နိဗ္ဗာန်ပါဘုရား)။

အကုန် နိဗ္ဗာန်သုံးခုကြီး ပေါ်နေတဲ့ဥစ္စာ ဒါ သံသယရှိနေဖို့ ဒကာကြွယ်က လိုသေးသလား . . . (မလိုပါဘူးဘုရား)။ အကြောင်းလုံလောက်ပြီလား . . . (လုံလောက်ပါပြီ ဘုရား)။

**ထိုးထိုးထွင်းထွင်းပြောတဲ့ဆရာ၊ သိစေချင်လွန်းလို့ ပြောတဲ့ဆရာ**

အဲဒါ ထိုးထိုးထွင်းထွင်းပြောတဲ့ဆရာ၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး၏ ဉာဏ်ကို နည်းမှီပြီးသကာလ ခင်ဗျားတို့

သိစေချင်လွန်းလို့ ပြောတဲ့ဆရာမို့ ဒကာသစ် တွေ့တယ်၊ နို့ မဟုတ်ရင် တွေ့ကိုမတွေ့ဘူး . . . (မှန်လှပါဘုရား)။

နို့မဟုတ်ရင် ဥပုသ်စောင့်ရင်း ခင်ဗျားတို့ သေလမ်းကြီး ကို တန်းပြီးရွှတ်နေမှာပဲ . . . (မှန်ပါဘုရား)။ ဥပုသ်စောင့်ရင်း၊ ဥပုသ်စောင့်ရင်း သေလမ်းကြီး တန်းရွှတ်တာပဲ။

"အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ" ဘုရားက ဟောသားပဲ၊ အဲဒါ ငါ့သွားလမ်း၊ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။ ငါ့သွားလမ်းသာ ရွှတ်နေတာပဲ။ ငါ့ ဖြတ်လမ်း မပါလာဘူး . . . (မှန်လှပါဘုရား)။ ပါသေးရဲ့လား . . . (မပါ, ပါဘူးရား)။

အဲဒါကြောင့် ခက်နေတာ၊ ရွှတ်ဖို့ မဟုတ်ပါဘူးတဲ့၊ ဖြတ်ဖို့ပါ . . . (မှန်လှပါဘုရား)။ သဘောပါကြပြီလား . . . (ပါ, ပါတယ်ဘုရား)။

## ရှူးလိုက်တဲ့ဖြစ်ခြင်း

ရွှတ်ဖို့လား၊ ဖြတ်ဖို့လား . . . (ဖြတ်ဖို့ပါဘုရား)။ ဖြတ်ဖို့ ကို ခင်ဗျားတို့က နှုတ်တက်ဆောင်ထားတယ်၊ ဒါမှ သွားလမ်း မမှားရအောင်လို့၊ အံမလေး ရှူးလိုက်တဲ့ဖြစ်ခြင်းတော့ မပြောပါ နဲ့တော့၊ ရှင်းကြပြီလား . . . (ရှင်းပါပြီဘုရား)။

ဒါကို ဘုရားရှိခိုးလိုက်သေးတယ်

အဲဒါ ရှေးကျကျဖြစ်လေ မှားလုံးသန်လေလေပဲ . . . (မှန်လှပါဘုရား)။ ဒကာကြွယ်ယုံပြီလား . . . (ယုံပါတယ်ဘုရား)။ အဲဒါ ဘုရားရှိခိုးလိုက်သေးတယ် ခင်ဗျားတို့က၊ တပည့်တော် လမ်းမပျောက်အောင် မမေ့အောင်တော့ လုပ်ဦးမှပဲ။ ဘုရားများ ထည့်ရှိခိုးလိုက်သေးတယ်။ နာလိုက်တဲ့ဖြစ်ခြင်းတော့ မပြောပါနဲ့တော့၊ ဒါဒီလိုဖြတ်မယ်လို့ သွားရမှာ . . . (မှန်ပါဘုရား)။

ဖြတ်တဲ့ပါဠိကျတော့ "အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော" လျှောက်ရွတ်ပြန်ပြီ၊ ဟ . . . ခုအဝိဇ္ဇာဖြစ်တာ ခု နိရောဓဖြစ်အောင် လုပ်ပါလားဆိုတော့ ဟောဒီက အဝိဇ္ဇာလာတယ်၊ ဝိစိကိစ္ဆာလာတယ်ထားလိုက်ပါတော့၊ ဝိစိကိစ္ဆာဟာ အဝိဇ္ဇာပဲ . . . (မှန်ပါ့)။

သံသယရှိနေရင် အဲဒီ သံသယရှိတဲ့ အလုံးကလေး ဖြစ်ပျက်ရှုလိုက်၊ အဝိဇ္ဇာပြတ်ထွက်သွားတယ် . . . (မှန်ပါဘုရား)။ မပြတ်ဘူးလား . . . (ပြတ်ပါတယ်ဘုရား)။

အဝိဇ္ဇာချုပ်တော့ကို ဒီဘက်သင်္ခါရလာသေးရဲ့လား . . . (မလာပါဘူးဘုရား)။ ဝိညာဏ်လာသေးရဲ့လား . . . (မလာပါဘူးဘုရား)။

ဒါကြောင့် ဘုရားက "သမောဟံဝါ စိတ္တံ သမောဟံ စိတ္တန္တိ ပဇာနာတိ" နောက်ကလိုက်ကွ၊ ကဲ-မသေချာဘူးလား . . . (သေချာပါတယ်ဘုရား)။

ဒီလောက်သေချာအောင် ဘုရားက ဟောပါလျက် သားနဲ့ ခင်ဗျားတို့က အဟောမလုပ်ဘဲနဲ့တဲ့ အလကား ရှုတ်ဖတ်တဲ့ အလုပ်လုပ်နေတော့ ဓမ္မသရဇ္ဈာယ်ပုဂ္ဂိုလ်သာဖြစ်ပြီး ဓမ္မဓရ ပုဂ္ဂိုလ်မဖြစ်ဘူးလို့ အင်္ဂုတ္တိုရ်ပါဠိတော်က ဟောလိုက်တယ် . . . (မှန်လှပါဘုရား)။

ဓမ္မကိုသာ သရဇ္ဈာယ်တာတဲ့ . . . (မှန်ပါဘုရား)။ ဓမ္မကို ဖြတ်တာမဟုတ်ဘူး၊ သဘောကျပြီလား . . . (ကျပါတယ် ဘုရား)။ ဓမ္မဖြတ်မှ ဓမ္မဓရ ပုဂ္ဂိုလ်ဖြစ်မယ် . . . (မှန်ပါဘုရား)။

ဓမ္မဖြတ်တဲ့တရားဆိုတော့ မဂ္ဂင်က ဝမ်းထဲရောက်မ လာပေဘူးလား . . . (ရောက်လာပါတယ်ဘုရား)။ ရောက်လာ တော့ သူက မဂ္ဂင်ဓမ္မကို ဆောင်ပြီးသား ဖြစ်နေတယ် . . . (မှန်လှပါဘုရား)။ ဒါကြောင့် သူ့ကျတော့ ဓမ္မဓရပုဂ္ဂိုလ်လို့ ငါဟောလိုက်တယ်။ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာကြွယ် လောဘလည်း မကြောက်နဲ့၊ ဒေါ သလည်း . . . (မကြောက်နဲ့ပါဘုရား)။ မောဟကော . . . (မကြောက်နဲ့ပါဘုရား)။ ကုက္ကုစ္စ၊ မစ္ဆရိယကော . . . (မကြောက်နဲ့ပါဘုရား)။

## နောက်က မသိလိုက်မှာကြောက်

နောက်က မသိလိုက်မှာ ကြောက် . . . (မှန်လှပါ ဘုရား)။ ပေါ်ကြပြီလား . . . (ပေါ်ပါပြီဘုရား)။ ဘာကြောက် ရမှာတုံး . . . (မသိလိုက်မှာ ကြောက်ရမှာပါ ဘုရား)။

ဒါ ခင်ဗျားတို့ အင်မတန်ဘုန်းရှိ ကံရှိတဲ့ ပုဂ္ဂိုလ်တွေမို့ ဒီအကြောင်းသိရတာ . . . (မှန်လှပါဘုရား)။ နို့မဟုတ်လို့ရှိရင် ခင်ဗျားတို့ ရိုးရာဒကာကြွယ်အမေ မိဘများက ဆုံးမထားတယ် သူတတ်သလောက်၊ မှတ်သလောက်၊ ဒကာသစ် အမေ မိဘ များက မင်းလောဘ၊ ဒေါသ၊ မောဟ သိပ်မများစေနဲ့နော်၊ ဒါတွေဟာ လောကကြီး နှိပ်စက်တဲ့တရား၊ မင်းတို့သည် ကားလို့ ဆိုရင် အမေ မိဘစကားနားမထောင်လို့ရှိရင်ဖြင့် မင်းတို့ ကိုယ် ကျိုးနည်းမှာစိုးလို့ပါ အစရှိသည်နှင့် လှည့်နိုင်သလောက် လှည့်ပြီး ယဉ်ကျေးအောင် သုံးသွားတာပဲ . . . (မှန်လှပါ ဘုရား)။

သုံးသာသုံးတယ်၊ သူ့ဟာက အကြောက်သာခိုင်းတယ်၊ ကြောက်ရင် ကျွန်တော်တို့ ဆေးပေးခဲ့ပါဆိုတော့လည်း ဆေး မပေးခဲ့ဘူး . . . (မှန်လှပါဘုရား)။ ကြောက်ရစ်လို့သာ မှာပစ် ခဲ့တယ်။ ဒီဆေးနဲ့ ကုလို့မမှာဘူး . . . (မမှာပါဘူးဘုရား)။

မှာရဲ့လား . . . (မမှာပါဘုရား)။ ခုတော့ ဆရာဘုန်းကြီးက ခင်ဗျားတို့ကို အာစရိယဂုဏော အနန္တောနဲ့ ဒကာ ဒကာမတို့ ဒီဟာကို လောဘ၊ ဒေါသ၊ မောဟကို မကြောက်နဲ့၊ ဟောဒီနောက် ဆေးမလာမှာကြောက် . . . (မှန်လှပါဘုရား)။ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ဘာကြောက်ရမှာတုံး . . . (နောက်ဆေးမလာမှာကြောက်ရမှာပါဘုရား)။ နောက်ဆေးက ဘာပါလိမ့်မတုံး . . . (အသိမလိုက်မှာပါဘုရား)။ အသိမလိုက်မှာကြောက်၊ သဘောကျပြီလား . . . (မှန်ပါ)။

ဘာကြောက်ရမှာတုံး . . . (အသိမလိုက်မှာ ကြောက်ရမှာပါဘုရား)။ အသိမလိုက်မှာကြောက်ရမှာ၊ ဒကာ ဒကာမတွေက ဖြစ်တာကိုတော့ ကြောက်တယ်၊ အသိမလိုက်မှာကို မကြောက်ဘူး . . . (မှန်လှပါဘုရား)။

## တည့်နိုင်သလောက်တည့်ပေးနေတာ

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို ဒကာကြွယ် တည့်နိုင်သလောက် တည့်ပေးနေတယ် . . . (မှန်လှပါဘုရား)။ တည့်နိုင်သလောက် တည့်ပေးနေတယ်ဆို

တော့ ရှင်းပြပါဦးမယ်ခင်ဗျားတို့၊ ဒါ လောဘစိတ်ကလေးပဲ ပြန်ထားကြ၊ ဒကာ ဒကာမတို့ ဒါဘာစိတ်ပါလိမ့် . . . (လောဘ စိတ်ပါဘုရား)။

ဝမ်းထဲပေါ်ပြီ၊ ဟဒယဝတ္ထုပေါ်မှာ လောဘစိတ် ကလေးပေါ်ပြီ၊ လိုချင်တယ် . . . (မှန်ပါဘုရား)။ သူများဆီက ငွေကလေးကို ရချင်တယ်။ လိုချင်တယ်၊ ဒကာသစ် ဘာစိတ် ပေါ်ပြီတုံး . . . (လောဘစိတ်ပါဘုရား)။

ဟ . . . လိုချင်တဲ့စိတ် ရှိ မရှိတွေးလိုက်စမ်း . . . (မရှိပါ ဘူး ဘုရား)။ မရှိတော့ဟာ လိုချင်တဲ့စိတ်ကလေးဟာ လည်း လိုချင်တဲ့စိတ်မဟုတ်ပါလား၊ ဖြစ်ပြီးပျက်တဲ့သဘောပါ လားလို့ နောက်စိတ်က မသိဘူးလား . . . (သိပါတယ်ဘုရား)။

သိတော့ သူက အနိစ္စ၊ သူက မဂ္ဂ၊ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။ ဒါဖြင့် ဒကာ ဒကာမတို့ "တေသံ ဝူပသမော သုခေါ" ဆိုတဲ့အတိုင်း ဒီဖြစ်ပျက်များ ချုပ်သွားမယ် ဆိုရင် နိဗ္ဗာန်ရောက်တော့မယ်။ (မှန်လှပါဘုရား)။ သဘောကျ ပြီလား . . . (ကျပါတယ်ဘုရား)။

တေသံ-ထိုဖြစ်ပျက်နှစ်ပါးတို့၏ ဝူပသမော-ချုပ်ရာ နိဗ္ဗာန်သည်၊ သုခေါ-ချမ်းသာတယ်၊ ဒီနေရာ နိဗ္ဗာန်ပေါ်မယ်

တဲ့ . . . (မှန်လှပါဘုရား)။ ဒီလောဘချုပ်တဲ့နေရာ နိဗ္ဗာန်ပေါ် မယ်တဲ့ . . . (မှန်လှပါဘုရား)။ သဘောပါပြီလား . . . (ပါ၊ ပါတယ်ဘုရား)။

## ဘာစိတ်ပေါ်ပေါ် သိအောင်လုပ်

ဒါဖြင့် အားလုံးတရားနာကြတဲ့ ဆင်းရဲခံပြီး ဆရာသမား ကို ကြည်ညိုလေးစားလို့ ကိုယ့်အရေးကိုယ်သိပြီးလာကြတဲ့ ဒကာ ဒကာမမှန်လို့ရှိရင် မှန်လည်း မှန်တဲ့ ဒကာ ဒကာမတွေ ဖြင့် ဘာစိတ်ဖြစ်ဖြစ် သိအောင်လုပ် . . . (မှန်လှပါဘုရား)။ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ဘာစိတ်ပေါ်ပေါ် . . . (သိအောင်လုပ်ရမှာပါဘုရား)။ သိအောင်လုပ်လို့ရှိရင် ဘာစိတ်ရယ်လို့ ခင်ဗျားတို့က မတွေးနဲ့ တော့၊ ဘုရားက အဲဒီပါဠိတော်မှာ အောက်နား သွားကြည့် လိုက်တော့ "သမုဒယဓမ္မာနုပဿီဝါ၊ ဝယဓမ္မာနုပဿီဝါ" ဒါပဲ တွေ့မယ်တဲ့ . . . မင်းတို့ (မှန်ပါဘုရား)။

ကိုင်း . . . လောဘတွေ့သလား၊ ဖြစ်ပျက်တွေ့သလား . . . (ဖြစ်ပျက်တွေ့ပါတယ်ဘုရား)။ ဖြစ်ပျက်တွေ့တယ်လို့ ဒကာကြွယ် ဘုရားကိုယ်တိုင်က ဖော်ပြထားတယ် . . . (မှန်ပါ)။

ခင်ဗျားတို့ ကိုယ်တိုင် ရှုကြည့်တော့လည်း စိတ်တွေ ရှုကြည့်တော့လည်း အင်း-ထိနမိဒ္ဓတွေ့သလား၊ လောဘတွေ့ သလား၊ ဖြစ်ပျက်တွေ့သလားဆိုတာ ဒကာကြွယ် တာဝန်ခံ ကြည့် . . . (ဖြစ်ပျက်တွေ့ပါတယ်ဘုရား)။

ဘာမှမတွေ့ဘူး၊ ဖြစ်ပျက်ပဲတွေ့မယ်၊ သဘောကျပြီ လား . . . (ကျပါတယ်ဘုရား)။ ဘာများတွေ့ကြတုံး . . . (ဖြစ်ပျက်ပဲတွေ့မှာပါဘုရား)။

## စိတ်စောင့်ရှောက်ပါဆိုတာ

ဖြစ်ပျက်တွေ့တော့ ဖြစ်ပျက်ဆိုတာက လောဘလား၊ အနိစ္စလား . . . (အနိစ္စပါဘုရား)။ အနိစ္စတွေ့တဲ့ ပုဂ္ဂိုလ်ဖြင့် ဒါက အနိစ္စ၊ တွေ့တာကမဂ္ဂ . . . (မှန်ပါဘုရား)။ မဂ်တောင် ရနေသေးတယ် ဒကာ ဒကာမတို့ ကြောက်စရာမကောင်းတဲ့ အပြင်၊ သဘောပါပြီလား . . . (ပါ,ပါတယ်ဘုရား)။

အဲဒီတော့ စိတ်စောင့်ရှောက်ပါဆိုတာ ပေါ်တိုင်းပေါ် တိုင်း ဒကာ ဒကာမတွေက သိပေး . . . (မှန်လှပါဘုရား)။ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ပေါ်တိုင်းပေါ်တိုင်း . . . (သိပေးရမှာပါဘုရား)။ အဲဒါ ဒကာ ဒကာမတွေ ဘုရားစိုးရိမ်တော်မူတာ သဘောကျပြီလား

. . . (ကျပါပြီဘုရား)။ မသိမှာစိုးရိမ်တယ် . . . (မှန်လှပါဘုရား)။ ဘာစိုးရိမ်တုံး . . . (မသိမှာစိုးရိမ်ပါတယ်ဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ဝမ်းထဲမှာ နိဗ္ဗာန်ရောက်ကြောင်း တရားပေါ်ပါလျက်သားနဲ့ နိဗ္ဗာန်မရောက်တာ မသိလို့နိဗ္ဗာန်မရောက်တာ . . . (မှန်လှပါဘုရား)။ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

နိဗ္ဗာန်ရောက်ကြောင်း တရားမပေါ်လို့ မရောက်တာလား၊ ပေါ်တာကိုမသိလိုက်လို့ မရောက်တာလား . . . (ပေါ်တာကို မသိလိုက်လို့ မရောက်တာပါဘုရား)။

## ပေါ်တယ်ပျက်တယ်

ဒါဖြင့် ပေါ်တာသိတော့ ပေါ်လိုက်၊ ပျက်လိုက်၊ ပေါ်တာသိရင်ပျက်တာသိတာပဲ . . . (မှန်လှပါဘုရား)။ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။ ပေါ်တာသိရင် . . . (ပျက်တာသိပါတယ်ဘုရား)။

ဒါဖြင့် ပေါ်တယ် ပျက်တယ်၊ ဒါပြီးသွားပြီ၊ နောက်က သိတယ်လို့ ဒကာ ဒကာမတွေက ပေါ်ပြီးပျက်သွားလေပေါ့လို့ ဒီက မဂ္ဂင်နဲ့ မသိဘူးလား . . . (သိပါတယ်ဘုရား)။

သိတော့ ဒကာ ဒကာမတွေ အနိစ္စ၊ မဂ္ဂ၊ ဒီလိုသွားဖြစ်တယ် . . . (မှန်လှပါဘုရား)။ အနိစ္စ . . . (မဂ္ဂပါဘုရား)။ ပေါ်ပျက်က . . . (အနိစ္စပါဘုရား)။ သိတာက . . . (မဂ္ဂပါ ဘုရား)။ ပေါ်ပျက်က. . . (အနိစ္စပါဘုရား)၊ သိတာက. . . (မဂ္ဂပါဘုရား)။

## သစ္စာလေးပါး တန်းသွားတယ်

ဩော် . . . သေတာက သမုဒယ၊ ဇာတိဇရာ မရဏာ ချုပ်တာက နိရောဓ၊ သစ္စာလေးပါးကို တန်းထွက်တယ် . . . (မှန်လှပါဘုရား)။ ဘာပူစရာလိုသေးတုံး ခင်ဗျားတို့ . . . (မလိုတော့ပါဘူး ဘုရား)။

ဒကာကြွယ်၊ လိုသေးသလား . . . (မလိုပါဘူးဘုရား)။

## ဒီအလုပ်မလုပ်ရင် ကိုယ်ကျိုးနည်းပြီ

ဒီတရားကို မနာလိုက်ရလို့ ဒီ အလုပ်ကို မလုပ်လိုက်ရလို့ရှိရင်တော့ဖြင့် အဲဒါ ခင်ဗျားတို့ ကိုယ်ကျိုးနည်းပြီ . . . (မှန်လှပါဘုရား)။ သေသေချာချာကိုယ်ကျိုးနည်းတာ . . . (မှန်လှပါဘုရား)။

ဘုရားကို မပွင့်ဘူး ခင်ဗျားတို့ သန္တာန်မှာ၊ ဘုရားက သစ္စာလေးပါးဟောချင်လို့ ပွင့်တာ . . . (မှန်လှပါဘုရား)။

တရားဦးကို သွားကြည့်၊ ဘာဟောတုံး . . . (သစ္စာလေးပါးပါ ဘုရား)။ ဒကာကြွယ် ဘာဟောတုံး . . . (သစ္စာလေးပါးပါ ဘုရား)။

## သစ္စာလေးပါးဟောချင်လို့

ဘုရားပွင့်ကတည်းက သစ္စာလေးပါးမှ တစ်ပါး သူရည်ရွယ်ချက် အကြီးဆုံးရှိတာ ဘာတစ်ခုမှ မရှိဘူး . . . (မှန်လှပါ ဘုရား)။ သစ္စာလေးပါးကို ဟောချင်တာ။

## အာဠာရ ရသေ့ကြီး

ဒါကြောင့် ဘုရားပွင့်ပွင့်ချင်း ငါ ဘယ်သူ့ကို တရားဦးဟောရပါ့မတုံး၊ သစ္စာလေးပါးတော့ အာဠာရ ဟောမယ်၊ ဒါနဲ့ ဘေးကနတ်တွေကလည်း ဘုရားလာလျှောက်တယ်၊ အာဠာရ ခုနစ်ရက်လောက် ကတည်းက သေနှင့်ပြီဘုရား၊ ဘုရား၏ ဆရာ၊ ဩော် . . . ရှုံးပြီဟေ့။

ဒီပြင် တရားရှုံးပြီ ပြောတာလား၊ သစ္စာမနာရလို့ ရှုံးပြီ ပြောတာလား . . . (သစ္စာမနာရလို့ ရှုံးပြီပြောတာပါဘုရား)။ သဘောပါပြီလား . . . (ပါ, ပါပြီဘုရား)။

ဥဒကရသေ့ကြီး

တစ်ခါ စဉ်းစားလိုက်ပြန်တော့ ဩော် . . . ငါ့အရှုပ ဈာန်တရားတွေကို သင်ပေးလိုက်တဲ့ လောကီဆရာရှိပါသေးကလား၊ ဥဒကရှိသေးတယ်။ ဥဒက ဟောရလို့ရှိရင် သမာဓိက အားကြီးပြီးသား၊ အပ္ပနာဆိုက်နေတဲ့ ပုဂ္ဂိုလ်တွေ။ အဲဒီ ပုဂ္ဂိုလ်တွေ ဒီသစ္စာဟောလိုက်ရလို့ရှိရင်တော့ ချက်ချင်း ရဟန္တာဖြစ်မယ်ဆိုတာ သူသိတယ်။

နတ်က လာလျှောက်တယ်။ အရှင်ဘုရား မနေ့ညက ဥဒက (သေပြီဘုရား)၊ ဟ . . . ရှုံးပြီဟေ့ . . . ဒါမှ အရှုံးကြီး ရှုံးတာ . . . (မှန်လှပါဘုရား)။ ဒီပြင်တရားမနာရလို့ ရှုံးတာလား၊ သစ္စာတရားမသိလို့ ရှုံးတာလား . . . (သစ္စာတရား မသိလို့ ရှုံးတာပါဘုရား)။

ပဥ္စဝဂ္ဂီငါးဦး

အဲဒီတော့မှ ပဥ္စဝဂ္ဂီငါးဦးက ငါ့ဝေယျာဝစ္စပြုနေတာ၊ သူတို့ သွားဟောဦးမှပဲဆိုတော့ ဘာတရားမှမပါဘူး။ သစ္စာလေးပါးပဲ ဟောတာပဲ . . . (မှန်ပါဘုရား)။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

အဲတော့ ဒကာ ဒကာမတို့ ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ ဆိုတာက သစ္စာမချပ်ရရင် နိဗ္ဗာန်ကို မရောက်ဘူး။ (မရောက်ပါဘုရား)၊ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

## မြက်တံမြက်စည်းနဲ့ ကြက်မွေးတံမြက်စည်း

ဟိုဟာတွေက ကိလေသာ အညစ်အကြေးကို တံမြက်စည်းကြမ်းနဲ့ ရှင်းနေတာ၊ နောက်မှ မြက်တံမြက်စည်းဆိုတဲ့ ဝိပဿနာနဲ့ ရှင်းရတယ် . . . (မှန်လှပါဘုရား)။ နောက်မှ ကြက်မွေးတံမြက်စည်းဆိုတဲ့ သစ္စာဟောယူရတယ်။ အဲဒီကျမှ ကိလေသာ ပြောင်ထွက်သွားတယ်။ (မှန်လှပါဘုရား)။ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

အဲဒါ အသေအချာမှတ်ရတယ်။ ဒကာကြွယ်ရေ . . . (မှန်လှပါဘုရား)။ ယောင်ချာချာတွေ လုပ်မနေကြပါနဲ့၊ (မှန်လှပါဘုရား)။ သဘောပါပြီလား . . . (ပါ, ပါပြီဘုရား)။ အင်မတန်အရေးကြီးတယ် . . . (ကြီးပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ တရားမများသေးဘူးနော်။ (မများပါဘုရား)။ ဘယ် စိတ်ဖြစ်ဖြစ် ခင်ဗျားတို့က ဘယ်လိုလုပ်ရမှာတုံး . . . (သိအောင်လုပ်ရမှာပါဘုရား)။

သိအောင်လုပ်တော့ ခင်ဗျားတို့ သိတဲ့အချိန်မှာ စိတ်ကို သိတာလား အနိစ္စကို သိတာလား . . . (အနိစ္စကို သိတာပါ ဘုရား)။ ဒါဖြင့် ခင်ဗျားတို့ သိတာဟာ မဂ္ဂဟုတ် မဟုတ် (ဟုတ်ပါတယ်ဘုရား)။

## ဆုတောင်းတွေ ရှည်လည်းမရဘူး

ဒါဖြင့် ဆုတောင်းယူတာလား။ သိလို့ဖြစ်တဲ့မဂ်လား။ (သိလို့ဖြစ်တဲ့ မဂ်ပါဘုရား)။

လုပ်မှမလုပ်ဘဲ သူက "ဘာဝေတဗ္ဗကိစ္စ" ပွားယူပါလို့ ဆိုတာ တောင်းယူလို့ရှိရင်တော့ ခက်ပါသေးရဲ့ . . . (မှန်လှပါဘုရား)။ ထမင်းချက်တဲ့အခါကျတော့ ပွားတတ်တဲ့ ဆန်တွေ၊ ဒကာသစ်၊ ဒကာကြွယ် ရှိတယ်။ မီးထိုးပြီး မချက်လို့ရှိရင်တော့ ဒီဆန်တွေ ပွားကို မပွားဘူး၊ စိတ်သာချ . . . (မှန်လှပါဘုရား)။

ပွားပါ့မလား . . . (မပွားပါဘူး ဘုရား)။ ဘယ်နည်းနဲ့မှ မပွားဘူး။ ဆန်၊ ဆန်အတိုင်းတော့ ပွားပါ့မလား။ (မပွားပါဘူးဘုရား)။ မပွားတဲ့အပြင် ပိုးကျပြီး လျော့သွားလိမ့်ဦးမယ် . . . (မှန်လှပါဘုရား)။ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် မီးထိုးပြီး ရေနဲ့ပွားအောင် လုပ်လိုက်ရင် ဘာဖြစ်

မတုံး . . . (ပွားမှာပါ ဘုရား)။ ပွားရင် ခင်ဗျားတို့ အလိုရှိတဲ့ တစ်အိမ်သားလုံး စားလောက်ပြီး မုန့်ခြေကိုက်သွားဖြစ်မယ် . . . (မှန်လှပါဘုရား)။ မဖြစ်ပေဘူးလား . . . (ဖြစ်မှာပါ ဘုရား)။

## မဂ်ဆိုတာ ပွားယူရမှာ

အဲဒါတွေ ထောက်ကြည့်တော့ ပွားယူရမှာ ပွားယူရတယ်။ တောင်းယူရမှာ တောင်းယူရတယ်။ (မှန်ပါဘုရား)၊ မဂ်ဆိုတာ ဘာလုပ်ယူရမှာတုံး . . . (ပွားယူရမှာပါဘုရား)။

ပွားဆိုတာ တစ်ခြားမဟုတ်ပါဘူး။ ပေါ်တိုင်းပေါ်တိုင်း အဖန်ဖန်သိတာကို ပွားတယ်လို့ ဆိုတယ်။ (မှန်လှပါဘုရား)။ ပေါ်တိုင်းပေါ်တိုင်း အဖန်ဖန်သိတာကို (ပွားတယ်လို့ ဆိုတာပါ ဘုရား)။

ကဲ-ပွားတတ်ပြီလား . . . (ပွားတတ်ပါတယ်ဘုရား) တပည့်တော်တို့ဘုရား ဒါဖြင့် ပွားတော့ ပွားမယ်ဘုရား။ မလျော့ဘူး ဘုရား။ ဒကာကြွယ်ကလည်း တင်းတော့နော် (မှန်လှပါ ဘုရား)။ ဒီဘက်က ဒကာ ဒကာမတွေကော . . . (တင်းမှာပါ ဘုရား)။

မဟုတ်ဘူးဘုရား။ ပွားဆိုတာလည်း တပည့်တော်တို့ မှန်းခြေပေါက်ကလေးတော့ ပြောဦးမှ၊ ဘယ်လောက်ပွားရမှာ တုံး။ သဘောင် ပွားတုန်းပဲလား . . . မေးဦးမှာ ခင်ဗျားတို့က . . . (မှန်ပါဘုရား)။

**တစ်နံပါတ်အပွား**

ဟာ . . . ဒကာ ဒကာမတို့ ဒါ မေးခွင့်ရှိရင် မေးရမှာပဲ ဒကာကြွယ်ရ . . . (မှန်ပါ)။ မဟုတ်ပါဘူး ဒကာ ဒကာမတို့ မပြီးခင်ပွားတာပေါ့ . . . (မှန်လှပါဘုရား)။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

ဒါ ဘယ်လိုမှာပါလိမ့် . . . (မပြီးခင် ပွားရမှာပါဘုရား)။ ဒါဖြင့် ပြီးတဲ့ကိစ္စရှိသေးတယ် . . . (မှန်ပါ)။ ပွားတာ ပြီးတဲ့ကိစ္စ ရှိသေးတယ် . . . (မှန်ပါ)၊ သဘောကျပြီလား (ကျပါပြီဘုရား)။

ပွားတာပြီးတဲ့ကိစ္စက ဖြစ်ပျက်ကို ဒီက နောက်ကပွား လို့သိလို့ရှိရင်ဖြင့် ဖြစ်ပျက်မြင်ပြီးလို့ ရှိရင်ဖြင့် ဒါ တစ်နံပါတ် အပွားပြီးပြီ . . . (မှန်လှပါဘုရား)။

## နှစ်နံပါတ်အပွား

နောက်တစ်ခါ နှစ်နံပါတ် ပွားပါဦး။ ဒီဖြစ်ပျက်ဟာ မိမိခန္ဓာ၏ အသေကိုမြင်တာ။ မိမိဝေဒနာရှိရင် ဝေဒနာက္ခန္ဓာ သေတာပဲ . . . (မှန်ပါ)။ ဝေဒနာက္ခန္ဓာသေရင် နာမက္ခန္ဓာလေး ပါးရော သေတယ် . . . (မှန်ပါ)။ နာမက္ခန္ဓာလေးပါးရော သေလို့ရှိရင် နာမက္ခန္ဓာလေးပါးကို မှီနေတဲ့ ရုပ်တရားပါ ရောသေတော့ ခန္ဓာငါးပါးသေတာ . . . (မှန်ပါ)။

## မုန်းသည့်တိုင်အောင်ပွားပါ

ဒါဖြင့် ကိုယ့်အသေကိုယ်မြင်တော့ မမုန်းပေဘူးလား။ (မုန်းပါတယ်ဘုရား)။ အဲဒီ မုန်းသည့်တိုင်အောင် ပွားပါ (မှန် လှပါဘုရား)။ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်မြင်ရင် ယထာဘူတဉာဏ် . . . (မှန်ပါ)။ ကိုယ့်အသေ ကိုယ်မြင်ရင် ကြည့်ပါများလို့ မုန်းရင် နိဗ္ဗိန္ဒာဉာဏ်ဖြစ် ပြီ . . . (မှန်ပါဘုရား)။ ပွားလိုက်တာ ဘယ်ရောက်လာတုံး . . . (နိဗ္ဗိန္ဒာဉာဏ်ရောက်လာပါတယ်ဘုရား)။

## သုံးနံပါတ်အပွား

ကဲ . . . ဒါဖြင့် ဆက်ပြီး ပွားပါဦးဆိုတော့ ဆရာဘုန်းကြီးက သုံးချက်ပဲ ဟောလိုက်တယ်။ ဘုရားကလည်း အနတ္တလက္ခဏာသုတ်မှာ ဉာဏ်သုံးဆင့်ပဲ ဟောလိုက်တယ် . . . နော် (မှန်ပါ)။

ဒီ ဒုက္ခကြီးဖြင့် ရလဲ မရချင်တော့ပါဘူး။ လိုလည်း မလိုချင်တော့ပါဘူး။ အကြီးဆုံးဒုက္ခဆိုတာ ဒါပဲလို့ သိပါပေါ့လို့ ဒီကမဂ္ဂင်က ခင်ဗျားတို့ အကြီးဆုံး တစ်ခါတည်း ဒုက္ခလို့ ပိုင်းခြားပြီး သိတော့ သူက ချုပ်ထွက်သွားတယ် . . . (မှန်ပါ)၊ မပွားနဲ့တော့ မပွားနဲ့တော့ . . . (မှန်ပါ)။

## ဒုက္ခချုပ်ရင် မပွားနဲ့တော့

ဒုက္ခနိရောဓော နိဗ္ဗာန်မြင်ပြီ . . . (မှန်လှပါဘုရား)။ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။ မပွားနဲ့တော့ ဒီကျတော့။ ဒါဖြင့် မသေမချင်း ပွားရမှာလား။ ဒုက္ခပိုင်းခြားပြီးလို့ ဒုက္ခချုပ်ရင် မပွားနဲ့တော့ . . . (မှန်လှပါဘုရား)။ သဘောပါပြီလား . . . (ပါ, ပါပြီဘုရား)။

မှန်းခြေပေါက်ရှိပါတယ် . . . (မှန်လှပါဘုရား)။ သဘောပါပြီလား . . . (ပါ, ပါတယ်ဘုရား)။ အရှင်ဘုရား

အရှင်ဘုရားဆီ အားထုတ်ရတာ တစ်ပွားတည်း ပွားရလို့ရှိရင် ဖြင့် အမောဆိုက်ပြီးများ သေရမလားဆိုတာ ခင်ဗျားတို့က ပြောချင်ပြောဦးမယ်။ဟုတ်ပြီလား . . . (မှန်ပါ)။

အဲဒီတော့ အမောမဆိုက်ရပါဘူး ဒကာ ဒကာမတို့ မှန်ခြေပေါက်ရှိပါသေးတယ် (မှန်လှပါဘုရား)။ ပေါ်ကြပြီလား . . . (ပေါ်ပါပြီဘုရား)။

## ဉာဏ်စဉ်သုံးခုနဲ့သာ တက်

ဒီကနေ မန္တလေးသွားတယ်ဆိုတော့ အရမ်းသွားနေရ ရင်တော့ မောမှာပဲ . . . (မှန်လှပါဘုရား)။ ဟာ . . . ဘုရားကြီး ကွေ့ရောက်ရင် မန္တလေးပါပဲ . . . (မှန်ပါ)။ အဲဒါလေး ရောက် အောင်သာ သွားလိုက်ပါတော့ဆိုတော့ ဩော် . . . ဒါဖြင့် အနီးလေးပဲဆိုတဲ့ ဥစ္စာ မှန်းခြေတော့ ရှိပါတယ် . . . (မှန်ပါ)။ မရှိဘူးလား . . . (ရှိပါတယ်ဘုရား)။

ဒီမှာလည်း မှန်းခြေရှိတယ်၊ ခင်ဗျားတို့ ဉာဏ်မှာ ဉာဏ် စဉ်သုံးခုနဲ့သာ တက်လိုက် . . . (မှန်လှပါဘုရား)။ ဉာဏ် တစ်ဆယ့်ခြောက်ပါး၊ ဉာဏ်ဆယ်ပါးတို့ . . . ဒီသုံးခုထဲ အကုန် ဝင်လာတယ် . . . (မှန်ပါ)။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

## တရားဦးမှာ ဉာဏ်သုံးဉာဏ်ပဲဟောတယ်

ဒါ ဘုရားက အနတ္တလက္ခဏာသုတ်မှာ ဟောတော့ သူ ဉာဏ်ဆယ်ပါး။ ဉာဏ်တစ်ဆယ့်ခြောက်ပါး ပါသလား။ ဒီ သုံးဉာဏ်ပဲ ပါသလားလို့ မေးကြည့် . . . (ဒီသုံးဉာဏ်ပါဘုရား)။

"ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ" ဆို ယထာဘူတ ဉာဏ်ပါတယ် . . . (မှန်ပါဘုရား)။ ဧဝံပဿံ ဘိက္ခဝေတဲ့ ယထာဘူတဉာဏ်မြင်ပြီး၍ "ဝေဒနာယပိ နိဗ္ဗိန္ဒတိ" တဲ့။ ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်ဟာ ဝေဒနာ ငြီးငွေ့လာတာပဲ၊ နိဗ္ဗိန္ဒတိ နိဗ္ဗိန္ဒဉာဏ်တက်တယ်လို့ ပြောတာ . . . (မှန်ပါ)။

နိဗ္ဗိန္ဒံ နိဗ္ဗိန္ဒန္တော ငြီးငွေ့ပြီးသည်ရှိသော်၊ ဝိရဇ္ဇတိ မလိုချင်တဲ့ ဒုက္ခကို မလိုချင်တဲ့ မဂ်ပေါ်၏ဆိုတော့ သုံးဉာဏ်ပဲ ဟောတာ . . . (မှန်လှပါဘုရား)။ အနတ္တလက္ခဏာသုတ် တရားဦး တရားဦး ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

## သူများပြောတာ ယောင်မနေနဲ့

အဲဒီတော့ သူများပြောတာ ယောင်မနေနဲ့ ဘုရားက ဒီသုံးဉာဏ်ပဲဟောတာ . . . (မှန်ပါဘုရား)။ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။ သဘောပါပြီနော် . . . (ပါ, ပါပြီဘုရား)။

## ဒီသုံးဉာဏ်ပဲဟောတယ်

ဒီသုံးဉာဏ်ပဲသိတယ် . . . (မှန်ပါဘုရား)။ ဩော် ဖြစ်ပျက်မြင်ရင် ဘာဉာဏ် . . . (ယထာဘူတဉာဏ်ပါဘုရား)။ ဖြစ်ပျက်မုန်းရင် . . . (နိဗ္ဗိန္ဒဉာဏ်ပါဘုရား)။ ဟာ ဖြစ်ပျက်ဟာ ရှုရင်းဆုံးသွားရင် . . . (မဂ်ဉာဏ်ပါဘုရား)။ လူတိုင်းသိတယ်။ ဒီဥစ္စာ . . . (မှန်ပါ)။ သဘောကျပြီလား . . . (ကျပါတယ် ဘုရား)။

ဒီသုံးဉာဏ်ပဲ ဟောတယ်လို့ ဆုံးဖြတ်ချက်ချလိုက် ဒကာကြွယ်. . . (မှန်ပါဘုရား)၊ သဘောကျပြီနော် . . . (မှန်ပါ)။

## စိတ်ပေါ်တိုင်းသိတာ ပညာရှိ

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ စိတ္တံရက္ခေထ မေဓာဝီဆိုတာ စိတ်ပေါ်တိုင်း ပေါ်တိုင်းသိတာဟာ ပညာရှိပါ (မှန်လှ ပါဘုရား)။ သဘောကျပြီလား . . . (ကျပါပြီဘုရား)။ စိတ်ပေါ် တိုင်း ပေါ်တိုင်း သိရင် . . . (ပညာရှိပါဘုရား)။

စိတ်ပေါ်တိုင်း ပေါ်တိုင်း သိရင် ပျက်တိုင်း ပျက်တိုင်းလဲ သိပါတယ် . . . (မှန်ပါဘုရား)။ ဒါလေးလိုက်လိုက်၊ ပေါ်တိုင်း ပေါ်တိုင်းသိရင် . . . (ပျက်တိုင်း ပျက်တိုင်းသိပါတယ်ဘုရား)။

အို . . . ပေါ်တာနဲ့ ပျက်တာနဲ့က ထူးတာမှ မဟုတ်ဘဲ ဒကာကြွယ် . . . (မှန်လှပါဘုရား)။ သူ့ သက်တမ်းက တစ်မှာ ဖြစ်၊ နှစ်မှာပျက်ဆိုတော့ တစ်မှာပေါ်၊ နှစ်မှာပျက်တော့ ခင်ဗျား တို့ကို မသိဘူး . . . (မှန်ပါ)။

နောက်ဆုံးပိတ် ရှုလိုက်တဲ့အခါ ဩော် . . . မရှိဘူးပဲ သိတယ် . . . (မှန်လှပါဘုရား)။ ဒါပဲသိတယ်။ ဒီ့ပြင် ဘာမှမသိ ဘူး . . . (မှန်ပါ့ဘုရား)။ သိတာက ဘယ်လိုသိသွားတုံး ဆိုတော့ ဘုရားက ဥဒယဗ္ဗယဉာဏ်လို့ ဟောထားပါတယ်။ အေး . . . ဟောတော့ ဟောတယ်။ ဟောပေမဲ့ မင်းတို့မြင်တဲ့ ဥဒယ မဟုတ်ဘူး။ မင်းတို့မြင်တဲ့ ဝယ မဟုတ်ဘူး။ သူ့ဟာ သူ ဖြစ်သွားတာ၊ သူ့ဟာသူ ပျက်သွားတယ်လို့ မင်းတို့က ဒီကမှန်းပြီး တော့ မရှိဘူးလို့ သိရုံပဲ . . . (မှန်လှပါဘုရား)။ သဘောပါပြီ လား . . . (ပါ, ပါတယ်ဘုရား)။

အဲဒီတော့ တစ်ခြားမှာ ဆိုထားတာ တထစ်ချမှတ်ထား လို့ မဖြစ်ဘူး . . . (မှန်လှပါဘုရား)။ ကိုယ့် ဒိဋ္ဌဓမ္မောကို အတည်ပြုရတယ် . . . (မှန်လှပါဘုရား)။ ဟိုဟာက သုတ ဓမ္မော (မှန်လှပါဘုရား)။ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ဒိဋ္ဌဓမ္မောက ဖြစ်တာလည်း တပည့်တော် မတွေ့လိုက် ဘူးဘုရား။ ဘုရားက ဥဒယလို့ ဆိုတော့ ဖြစ်တာပဲ။ ဝယလို့

ဆိုတော့ ပျက်တာပဲ။ အဲဒါ တပည့်တော်ဉာဏ်နဲ့ ကြည့်လိုက်တော့ တစ်ခုမှ မတွေ့ဘူး၊ ဟ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သူကိုယ်တိုင်တောင်မှ နှစ်စိတ်မဖြစ်တာ၊ မင်းတို့က တစ်နံပါတ် စိတ်ကို နှစ်နံပါတ်နဲ့သိရတာ မင်းတို့ ဝေးပါသေးရဲ့လို့ ဟောရုံပဲ . . . (မှန်လှပါဘုရား)။

သိကို မသိနိုင်ဘူး . . . (မှန်လှပါဘုရား)။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။ ဩော် . . . ဖြစ်ပြီး မရှိဘူးလို့ သိရင် ပြီးတာပါပဲ . . . (မှန်လှပါဘုရား)။ သဘောပါပြီလား . . . (ပါ, ပါတယ်ဘုရား)။

## စိတ်ကိုစောင့်ရှောက်တတ်ပြီလား

ကောင်းပြီ၊ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ နေရာကျပါပြီတဲ့၊ စိတ်ကို စောင့်ရှောက်တတ်ပြီလား . . . (စောင့်ရှောက်တတ်ပါပြီဘုရား)။

ပေါ်တိုင်း ပေါ်တိုင်း သိရင် စောင့်ရှောက်တာပဲ။ ပေါ်တိုင်း ပေါ်တိုင်းသိရင် . . . (စောင့်ရှောက်တာပါဘုရား)။ စောင့်ရှောက်ပြီးသကာလ ဒါဖြင့် ဒကာကြွယ်ရေ "စိတ္တံ ရက္ခေထ မေဓာဝီ" ဆိုတာ ကိုက်သွားပြီ၊ စိတ်ကိုစောင့်ရှောက်ပြီ (မှန်ပါ့)။

ပေါ်တိုင်း ပေါ်တိုင်း သိရင် စိတ်စောင့်ရှောက်တာပဲ (မှန်လှပါဘုရား)။ စိတ္တံ ဂုတ္တံ သုခါဝဟံ၊ စိတ္တံ = စိတ်ကို၊ ဂုတ္တံ = လုံခြုံအောင် စောင့်ရှောက်ခဲ့သည်ရှိသော် သုခါဝဟံ = နိဗ္ဗာန်သို့ဆောင်၏။

ဒါဖြင့် ဒုတိယအချက် ကျန်သေးတယ်။ ဒုတိယအချက် ကျန်သေးတယ် ဒကာ ဒကာမတို့၊ တရားနှစ်လုံးတည်း ဟောနေတာ၊ မများသေးပါဘူး . . . (မှန်လှပါဘုရား)။

## စိတ်ပေါ်တိုင်း ပေါ်တိုင်းသိပါ

ပထမဟောတာက "စိတ္တံ ရက္ခေထ မေဓာဝီ" ပဲ ဟောတယ်။ စိတ်ပေါ်တိုင်း ပေါ်တိုင်းသိရင် ဘာပါလိမ့် . . . (စိတ်စောင့်ရှောက်တာပါဘုရား)။ အဲ ပါဠိရွတ်လိုက်စမ်း (စိတ္တံ ရက္ခေထ မေဓာဝီ)။ ဒါပဲ စိတ်ကို စောင့်ရှောက်တာ ပညာရှိသဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

ဒါ ဓမ္မပဒပါဠိတော် စိတ္တဝဂ်မှာ သွားကြည့်၊ သူ့အရင်တွေ့လိမ့်မယ်။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာကြွယ်ရေ "စိတ္တံ ဂုတ္တံ သုခါဝဟံ" စိတ္တံ = စိတ်ကို၊ ဂုတ္တံ = လုံခြုံအောင် စောင့်ရှောက်ခဲ့သည်ရှိသော်၊ သုခါဝဟံ = နိဗ္ဗာန်ကိုဆောင်သည်၊ ဟောတိ = ဖြစ်၏။

**နိဗ္ဗာန်ကိုဆောင်မယ်**

ဒါဖြင့် စိတ်ကို လုံခြုံအောင် စောင့်လို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်ကိုဆောင်မယ် . . . (မှန်လှပါဘုရား)။ မဟော ဘူးလား . . . (ဟောပါတယ် ဘုရား)။

စိတ်ကို လုံခြုံအောင် စောင့်လို့ရှိရင် . . . (နိဗ္ဗာန်ကို ဆောင်ပါမယ်ဘုရား)။ ဒါဖြင့် ဒီစိတ်ထဲမှာ လုံခြုံအောင် စောင့် ပါဆိုကတည်းက သူခိုးရှိနေလို့ လုံခြုံအောင် စောင့်ခိုင်းတာ . . . (မှန်လှပါဘုရား)။

ပေါ်ပြီ ပေါ်ပြီ ခင်ဗျားတို့က ဒီလောက်ထိအောင်လည်း မလာဘူး။ လူတွေက သိပ်ခက်တာ . . . (မှန်လှပါဘုရား)။ စိတ်ကို စောင့်ရှောက်ရမတဲ့ဆို ဩော် . . . သူခိုး ရှိတယ်လို့ မသိဘူး . . . (မသိပါဘူးဘုရား)။ ခက်လိုက်တဲ့ ဖြစ်ခြင်းမှ မပြောပါနဲ့တော့။ ခေါင်းတုံးထားတဲ့ ဒီသီလရှင်တွေ သွားမေး ကြည့် မသိဘူးပဲ : . . (မှန်ပါ)။

"စိတ္တံ ဂုတ္တံ သုခါဝဟံ" စိတ္တံ=စိတ်ကို၊ ဂုတ္တံ = လုံခြုံ အောင် စောင့်ရှောက်ခဲ့သည်ရှိသော်၊ သုခါဝဟံ = နိဗ္ဗာန်ကို ဆောင်၏၊ ဒါ လုံခြုံအောင် စောင့်ရှောက်ရမယ်ဆိုကတည်းက ဒီကြားထဲမှာ ခိုးနေတာ ရှိတယ် . . . . (မှန်လှပါဘုရား)။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

ခင်ဗျားတို့ လုံခြုံအောင် စောင့်ရှောက်ကြနော်ဆို ကတည်းက ခင်ဗျားတို့ လောကီတော့ ခင်ဗျားတို့က ပါးတယ်။ လောကုတ္တရာကျတော့ လှည့်မကြည့်မိလို့ မသိပါဘူး . . . (မှန်လှပါဘုရား)။

လောကီကျတော့ ဟော့ မင်းတို့အိမ် သတိဝီရိယနဲ့ လုံခြုံ အောင် ထားလေကွာ။ ဟိုဘက်နားက ကောင်က ဘိန်းစားကွ။ ဒါကျတော့ ခင်ဗျားတို့သိတယ်။ မသိဘူးလား . . . (သိပါတယ် ဘုရား)။

အဲဒါကျတော့ ခင်ဗျားတို့က သိတယ်တဲ့။ ခု စိတ်ကို လုံခြုံအောင် စောင့်ပါဆိုတော့ အင်း ခင်ဗျားတို့က ဘယ်ဘိန်း စားက ဝင်ခိုးမတုံးဆိုတာ မတွေးမိဘူး။ တွေးမိရဲ့လား (မတွေး မိပါဘူး ဘုရား)။

အတော်ထူသေးတာပဲဗျ။ အတော်ကို အ, သေးတယ် လို့ ဒကာကြွယ်ရေ အမြည်တွန်ခံရတာကိုလည်း ခင်ဗျားတို့ စိတ်မဆိုးပါနဲ့ . . . (မှန်လှပါဘုရား)။

စိတ်ကို လုံခြုံအောင် စောင့်ပါလို့ ဆိုကတည်းကိုက ဘာရှိလို့ စောင့်ခိုင်းတာတုံး . . . (သူခိုးရှိလို့ပါဘုရား)။ အဲဒီမှာ သူခိုးရှိနေတယ်တဲ့ . . . အဲဒါ ကြပ်ကြပ် သတိထားပါ။

ဒါ တစ်သက်နဲ့ တစ်ကိုယ်ကြားရတဲ့စကားပါပဲ . . . (မှန်လှပါ)။ ဒကာကြွယ်ရေ တစ်သက်နဲ့ တစ်ကိုယ်ကြားရတယ်။ ဟောဒီ စိတ်ကလေးဟာ ဘာစိတ်ဖြစ်ဖြစ် ဒကာ ဒကာမတို့ ဖြစ်ချင်တာဖြစ်၊ ဖြစ်ချင်တာဖြစ်ပါ။ ခင်ဗျားတို့ သန္တာန်မှာ မဂ်လည်း မဖြစ်သေးပါဘူး၊ ဖိုလ်လည်း မဖြစ်သေးပါဘူး၊ အဘိဉာဉ်လည်း မဖြစ်ပါဘူး။

ခင်ဗျားတို့နဲ့ တန်တဲ့စိတ်ကတော့ ဖြစ်ချင်တာ ဖြစ်နေမှာပဲ . . . (မှန်လှပါဘုရား)။ မဖြစ်ပေဘူးလား . . . (ဖြစ်ပါတယ်ဘုရား)။

ဟာ . . . ပုထုဇဉ်က အရှူးကွ။ ဖြစ်ချင်တာ ဖြစ်တာ . . . (မှန်လှပါဘုရား)။ ရိပ်မိပြီလား . . . (ရိပ်မိပါတယ်ဘုရား)။

ပုထုဇဉ်ဆိုတာ ဘာတဲ့တုံး . . . (အရူးပါဘုရား)။ အရူးဆိုတော့ ပေါ်ချင်တာ ပေါ်နေတာပဲ။ မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)။ ဟိုဟာ အရုပ်ဆိုးပြီးနေတာ။ အံမယ် သနားစရာကောင်းတယ်လို့ ပေါ်ချင် ပေါ်နေတာ . . . (မှန်လှပါဘုရား)။

ရှုးပုံကတော့ မပြောပါနဲ့တော့ . . . (မှန်လှပါဘုရား) သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။ ဟိုမှာ ပြည်တွေကျပြီး နူစွဲနေတဲ့ ပုဂ္ဂိုလ်ကို မြင်လိုက်ပြန်လို့ရှိရင်ဖြင့် အင်း- သူ

ကြည့်ရတာက ခြေလက်တွေကသာ မဟာန်တာ၊ မျက်နှာက တော်သား လာချင်လာတာ။ ပုထုဇဉ်စိတ်က ဒီလောက်ရှုတာ . . . (မှန်လှပါဘုရား)။

မရှူးဘူးလား . . . (ရှူးပါတယ်ဘုရား)။ ကိုယ့်သား၊ သမီးလေး နှပ်တွဲလောင်းလေးပေမယ့် အံမယ် ချစ်စရာ ကောင်း လိုက်တာ ပြောချင် ပြောတာ၊ နှပ်ကတွဲလောင်း . . . (မှန်ပါ)။ သို့သော် ခင်ဗျားတို့က ဘယ့်နှယ်ဖြစ်နေတုံး (ချစ်စရာကောင်း ပါတယ် ဘုရား)။

ဖြစ်မှ ဖြစ်ရလေဗျာ . . . မပြောထိုက်ဘူးလား . . . (ပြောထိုက်ပါတယ်ဘုရား)။ ဒါဖြင့် ပုထုဇဉ်စိတ်ဟာ ဘယ်စိတ် မဆို ရှုရလိမ့်မယ် . . . (မှန်လှပါဘုရား)။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

နှပ်တွဲလောင်းကလေး ချစ်လည်း ရှုရမှာပဲ။ ဒီကောင် လေးက ဒီအရွယ်ရောက်ပြီးနှပ်က မသုတ်သင်တတ်သေးဘူးလို့ မုန်းတဲ့စိတ်ဝင်လာရင်လည်း . . . (ရှုရမှာပါဘုရား)။

ပေါ်ချင်တာ ပေါ်လိမ့်မယ် . . . (မှန်လှပါဘုရား)။ ပေါ်ရင် ဘာလုပ်ရမှာတုံး . . . (ရှုရမှာပါဘုရား)။ ပေါ်ချင်တာ ကို ပေါ်တိုင်း ပေါ်တိုင်း သိရလိမ့်မယ် . . . (မှန်လှပါဘုရား)။

တဏှာ၊ မာန၊ ဒိဋ္ဌိ၊ သူခိုးသုံးယောက်

ဒါဖြင့် သိတော့ သိတာပဲ။ စိတ်စောင့်ရှောက်လို့ ဘယ်စိတ်၊ ဘယ်စိတ်သိတယ်လို့ဆိုတော့ သိတော့ ဒီအထဲမှာ တဏှာ မာနနဲ့ ဒိဋ္ဌိဆိုတဲ့ သူခိုးသုံးယောက်ရှိတယ် . . . (မှန်လှပါဘုရား)။

ဒကာ ဒကာမတို့ သူခိုး ဘယ်နှစ်ယောက်ရှိသတုံး (သုံးယောက်ရှိပါတယ်ဘုရား)။ ဘယ်သူပါလိမ့်ဗျာ . . . (တဏှာ၊ မာန၊ ဒိဋ္ဌိပါဘုရား)။ တဏှာ၊ မာန၊ ဒိဋ္ဌိ သူခိုးသုံးယောက်ရှိတယ်လို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက လေးစားစွာ မှတ်ပါ . . . (မှန်လှပါဘုရား)။

တဏှာ၊ မာန၊ ဒိဋ္ဌိ သူခိုးသုံးယောက်၊ သူခိုးသုံးယောက် ခင်ဗျားတို့ သန္တာန်မှာ ခိုးနေတာ သိပ် ထင်ရှားတယ် . . . (ထင်ရှားပါတယ်ဘုရား)။

ဟောဒီ လောဘစိတ်ကလေး တစ်လုံးပဲထား။ လောဘစိတ်ကလေးကို ခင်ဗျားတို့က လောဘစိတ်ကလေးဖြစ်တယ်လို့တော့ သိတော့သိရဲ့။ လောဘစိတ်ဖြစ်သွားပြီလို့ မသိဘူးလား . . . (သိပါတယ်ဘုရား)။

သိပင်သိငြားသော်လည်း ငါ လောဘရှိလို့ ငါရလိုက်ပါတယ်။ တဏှာက ဒီဥစ္စာ အနိစ္စကို ငါလုပ်ပြီး ခိုးယူသွားတာ . . . (မှန်လှပါဘုရား)။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

ငါ လောဘရှိလို့ ငါ့အခု ငါးရာတစ်ထောင်လေး ဒါ အပြောလေးနဲ့ ကိုယ့်လောဘကလေးနဲ့ စမ်းပြီး တို့ကြည့်လိုက်တော့ ဒီလောက်ပို ပေးသွားတယ်။ တော်တော်သေးတယ်။

ကဲ . . . ငါ့လောဘလေးဟာ ဘယ်လောက် နေရာကျသတုံးဆိုတော့ အိမ်ပေါ်မှာ ကြွားလုံးထုတ်လိုက်သေးတယ် . . . (မှန်လှပါဘုရား)။ မထုတ်ဘူးလား . . . (ထုတ်ပါတယ်ဘုရား)။

ရှင့် အလိုဖြင့် ဒီ ငါးရာတစ်ထောင်ဟာ ပါသွားမှာ အားနာတာနဲ့ ဒီလောက်တော့ မဖြစ်နိုင်ဘူးဆိုပြီး ကိုယ်က ဝင်ပြောတာ ငါးရာတစ်ထောင် ကိုယ့်လက်ထဲကျန်ရစ်သေးတယ်။

ကျုပ်စိတ်ကလေး ဘယ်လောက် နေရာကျသတုံးဆိုပြီး တဏှာကလည်း ဒါကြောင့် ကိုယ့်စိတ်ကလေးကို နှမြောတယ်။ ကိုယ်သေသွားခက်တယ်။ ဒီလိုချည်း ရှုံးနေမှာပေါ့လေ။ ဒီစိတ်ကလေးကို ခင်နေတာနဲ့ ဒီတဏှာက မလာဘူးလား . . . (လာပါတယ်ဘုရား)။

မာနကလည်း . . . (လာပါတယ်ဘုရား)။ လာတယ်တဲ့။ ငါအပြောကောင်းလို့၊ ငါအပြောကောင်းလို့ဆိုတော့ ဒီစိတ်ဟာ ငါဖြစ်မသွားဘူးလား။ (ဖြစ်ပါတယ်ဘုရား)။

ဒိဋ္ဌိကလည်း ငါ့စိတ်နဲ့ နေစမ်းပါရစေ။ မင်းတို့ အသာနေစမ်းပါ။ ဒီအရောင်းအဝယ်စကား ပြောနေရင် ဘေးနေစမ်းပါ။ ဒိဋ္ဌိကလည်း ငါ့စိတ်နဲ့ငါ ပြောစမ်းပါရစေ (မှန်ပါ)။

ဒီတဏှာကို ငါ့စိတ်လုပ်ပြန်တယ်။ (မှန်ပါ)။ အဲဒီတော့ ဖြစ်ပျက်ကို တဏှာ၊ မာန၊ ဒိဋ္ဌိက ငါ့စိတ်လုပ်ပြီးသကာလ ခိုးသွားတဲ့စိတ်ကိုတော့ဖြင့် လုံခြုံအောင် စောင့်ပါ . . . (မှန်လှပါဘုရား)။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

အမယ်လေး . . . မလွယ်ဘူး။ မလွယ်ဘူး။ တစ်လုံးတည်း ဟောနေလို့၊ လေးလုံးဟောရင် ခင်ဗျားတို့ သေတယ် (မှန်လှပါဘုရား)။ နှစ်လုံးတည်းဟောတာကို မလွယ်ဘူး (မှန်ပါ)။ သဘောကျပြီလား . . . (ပါ ပါတယ်ဘုရား)။

## ဒီစိတ်ကို အနိစ္စသာဖြစ်ပါစေ

ကိုင်း . . . ဒါဖြင့် ဒကာ ဒကာမတို့ ဒီစိတ်ကလေးကို ငါ့ကိုယ် ငါဟာ ငါ့ဥစ္စာ မဖြစ်စေနဲ့ . . . (မှန်လှပါဘုရား)။ အနိစ္စသာဖြစ်ပစေ . . . (မှန်လှပါဘုရား) . . . သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

ဒီစိတ်ကလေးကို (အနိစ္စသာဖြစ်ရမှာပါ ဘုရား)။ ငါ့ကိုယ် . . . (မဖြစ်ရပါဘုရား)။ ငါ့ဟာ . . . (မဖြစ်ရပါဘုရား)။

ငါ့ဥစ္စာ . . . (မဖြစ်ရပါဘုရား)။ မဖြစ်စေနဲ့ . . . (မှန်လှပါဘုရား)။

ခင်ဗျားတို့က ဖြစ်နေလို့ ပြောရတာ . . . (မှန်လှပါဘုရား)။ ငါအပြောကောင်းလို့ ငါဟန်ကိုယ့်ဖို့ဆိုပြီး ငါ လုပ်လိုက်တာ၊ ဟန်ကိုယ်ဖို့ဆိုပြီး ငါလုပ်လိုက်တာဆိုတော့ လောဘ ငါလုပ်လိုက်တယ် . . . (မှန်လှပါဘုရား)။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

ဒါကြောင့် ငါ့စိတ်ကလေး ငါနှမြောတယ် ပြောတာပေါ့ ဆိုတော့ ဒိဋ္ဌိကလည်း ဝင်လာတယ်။ မဝင်လာဘူးလား (ဝင်လာပါတယ်ဘုရား)။

အဲဒီတော့ ဒါဖြစ်ပျက်ဆိုတဲ့ သဘောရောက်သေးသလား။ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာဆိုတဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိ သဘောရောက်သွားသလား . . . (တဏှာ၊ မာန၊ ဒိဋ္ဌိသဘော ရောက်သွားပါတယ် ဘုရား)။

အဲဒါ မဝင်စေ နဲ့။ အဲဒီသူခိုး ဝင်မှာတော့ စိုးရိမ်တယ်တဲ့ (မှန်လှပါဘုရား)။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။ ဒီသူခိုးက ခဏခဏ ဝင်နေတာ . . . (မှန်လှပါဘုရား)။ ရိပ်မိပြီလား . . . (ရိပ်မိပါတယ်ဘုရား)။

ငှါစိတ်ဟုတ်လား။ 'တော် မမ'၊ တော်-ဤခုနက လောဘ လေးဟာ၊ မမ-ငါ၏၊ သန္တက်-ဥစ္စာပဲ၊ ဟော-ငှါဥစ္စာပဲတဲ့နော် . . .

"ဧသောဟမသ္မိ" တဲ့။ ဧသော ဤခုနက လောဘစိတ် ကလေးဟာ အဟံ = ငါသည်၊ အသ္မိ-ဖြစ်၏။ ဒါလေးဟာ ငါ၊ ငါ ဖြစ်နေတယ်။

"ဧသောမေအတ္တာ" ဧသော-ဤခုနက လောဘစိတ် ကလေးဟာ၊ မေအတ္တာ-ငါ၏ ငါလေးပဲတဲ့။ ငှါကြောင့် ငါဖြစ် သွားတာ ငှါကြောင့် ငါ အကျိုးရှိသွားတာ၊ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

တစ်ခါတည်း တဏှာ၊ မာန၊ ဒိဋ္ဌိ မဝင်ဘူးလား . . . (ဝင်ပါတယ်ဘုရား)။ အဲဒီ သူခိုးတော့ မဝင်စေနဲ့တဲ့ . . . (မှန် လှပါဘုရား)။ ဖြစ်ပျက်သာ ဒီမဂ်နဲ့ ကိုက်နေအောင် လုပ်၊ သူ ခိုးသုံးယောက် ဒီကြားဝင်တတ်တယ် . . . (မှန်လှပါဘုရား)။ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

အဲဒီ သူခိုးသုံးယောက်ရှောင်လိုက်လို့ ရှိရင်ဖြင့် ဒီ ဒကာ ဒကာမတို့ ဒန္တ-ယဉ်ကျေးတဲ့ မဂ္ဂင်ဖြစ်ပြီ။ သူခိုးသုံးယောက် အဝင်မခံရင် ဒကာ ဒကာမတို့ ရှုတာဟာ ဘာဖြစ်သွားသတုံး . . . (မဂ္ဂင်ဖြစ်ပါတယ်ဘုရား)။

ဒန္တ-အယဉ်ကျေးဆုံးမဂ္ဂင်ဖြစ်ပြီ . . . (မှန်လှပါဘုရား)။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

ယဉ်ကျေးတာ ဘာခေါ်ကြမယ် . . . (မဂ္ဂင်ပါဘုရား)။ "နဟိ ဧတေဟိ ယာနေဟိ" လို့ ဘုရားက ဒီဟာ မဂ္ဂင်ယာဉ်ကွ (မှန်ပ့ါ)။ ဒီအတိုင်း ခြေလျင်၊ လှေနဲ့ သွားလို့ နိဗ္ဗာန်မရောက်ဘူး။ မဂ္ဂင်ယာဉ်ရထားနဲ့မှ ရောက်မယ် . . . (မှန်လှပါဘုရား)။ အသေအချာ မဟောဘူးလား . . . (ဟောပါတယ်ဘုရား)။

**သူခိုးသုံးယောက်မဝင်စေနဲ့**

ဒါဖြင့် ဒကာ ဒကာမတို့ စိတ်ကို စောင့်ရှောက်ပါလို့ဆိုတာ သူခိုးဘယ်နှစ်ယောက် မဝင်စေနဲ့ ပြောတာတုံး . . . (သူခိုးသုံးယောက်ပါဘုရာ)။ ဘယ်သူပါလိမ့်ဗျာ . . . (တဏှာ၊ မာန၊ ဒိဋ္ဌိပါဘုရား)။

ဩော် . . . ဒီစိတ်ကလေး ခင်တယ်ဆိုတာက တဏှာ၊ ဒီစိတ်ကလေးဟာ ငါပဲလို့ ယူတာက မာန . . . (မှန်လှပါဘုရား)။ ဒီစိတ်ကလေးဟာ အင်း . . . ငါ့ပစ္စည်းလေး ငါ့စိတ်ကလေး ငါ့စိတ် ငါပိုင်ပိုင်ပြောလိုက်လို့ နေရာကျသွားတာ။ ဒီစိတ်ကလေး ငါ့ဉစ္စာ လုပ်ပစ်လိုက်တယ် . . . (မှန်လှပါဘုရား)။ မလုပ်ကြဘူးလား . . . (လုပ်ပါတယ်ဘုရား)။

ဒါဖြင့် ဒီသူခိုးသုံးယောက် မဝင်စေနဲ့ . . . (မှန်လှပါဘုရား)။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

ဒါဖြင့် စိတ်ပေါ်တိုင်း ပေါ်တိုင်း စိတ်ကို မကြောက်နဲ့ သူခိုးသုံးယောက်ကို ကြောက် . . . (မှန်လှပါဘုရား)။ တဏှာဝင်တော့ ဒီစိတ်ကလဲ လောဘ၊ နောက်တဏှာဝင်လာတော့ တဏှာ၊ ဉပါဒါန်၊ ကံ၊ ဟော . . . ဇာတိ ဇရာ မရဏ လာမှာပဲ (လာမှာပါဘုရား)။ သဘောကျပလား (ကျပါတယ်ဘုရား) ဒီစိတ်ကလေးကို မာနဝင်တဲ့အခါကျတော့ မာနဆိုတာလဲ ဒိဋ္ဌိဂတဝိပ္ပယုတ် လောဘပဲ (မှန်လှပါ)၊ တဏှာ ဉပါဒါန် ကံ ဇာတိ၊ ဇရာ၊ မရဏ၊ မလာပေဘူးလား (လာပါတယ်ဘုရား)။ ဒိဋ္ဌိဆိုတာလဲ ဒိဋ္ဌိဂတသမ္ပယုတ်ဟာ လောဘပဲ (မှန်လှပါဘုရား)။ တဏှာ ဉပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏပဲလာတယ် (မှန်လှပါဘုရား)။

သူခိုးသုံးယောက်ဝင်ရင် သံသရာဆက်တယ် (မှန်လှပါဘုရား) သဘောကျပလား (ကျပါတယ်ဘုရား)။ သူခိုးကို ရှင်းလင်းနိုင်တဲ့ မဂ်သာဝင်ကြပစေ၊ စိတ်ဖြစ်တိုင်း ဖြစ်တိုင်း ဖြစ်ပျက်သိပါတယ်( မှန်လှပါဘုရား)။ သဘောကျပလား (ကျပါတယ်ဘုရား)။ စိတ်ဖြစ်တိုင်း ဖြစ်တိုင်း (သိပါတယ်ဘုရား)။ ဖြစ်ပျက်

သိပါပြီဆိုတာ ကောင်းကောင်းကျေနပ်ပလား၊ (ကျေနပ်ပါတယ် ဘုရား)။

အင်း . . . ဖြစ်ပျက်သိလို့ရှိရင် ဖြစ်ပျက်က အနိစ္စ၊ သိတာက (မဂ္ဂပါဘုရား) သေတာက တဏှာ မာနဒိဋ္ဌိ၊ သေတာက ဘာပါလိမ့် (တဏှာမာန ဒိဋ္ဌိပါဘုရား)။

ဒါဖြင့် သံသရာကျေးဇူးပြုတဲ့ တဏှာ မာန ဒိဋ္ဌိက နောက်က မသေလား (သေပါတယ်ဘုရား)။ လာသေလား၊ မလာသေလား (မလာသေပါဘုရား)၊ မလာသေ (မှန်လှပါ ဘုရား) သေချာမှတ်ပါ၊ လာသေလား၊ မလာသေလား (မလာ သေပါဘုရား)။

အဲ . . . ရှေ့က ဟာက လာသေ၊ နောက်က ဟာက (မလာသေးပါဘုရား)၊ ဒါပဲ ခွဲရတယ် (မှန်လှပါဘုရား)။ သဘော ကျပလား (ကျပါတယ်ဘုရား)။ ရှေ့ကဟာက လာပြီးတော့မှ သူ လောဘအဖြစ်နဲ့ အမှုမထမ်းဘဲနဲ့ အနိစ္စအဖြစ်နဲ့ အမှုထမ်း သွားတယ် (မှန်လှပါဘုရား)။

နောက်က ဟာကတော့ မလာပဲနဲ့ သေရရှာတယ် (မှန်လှပါဘုရား)။ သဘောကျပလား (ကျပါတယ်ဘုရား)။ နောက်က ဟာကဘယ့်နှယ် (မလာဘဲနဲ့ သေရရှာပါတယ်

ဘုရား)။ ဪ . . . လာတာက ဒုက္ခသစ္စာ၊ ချုပ်သွားတာက သမုဒယသစ္စာ၊ ဒီမှာ ပေါ်လာတယ်၊ လာတာက (ဒုက္ခသစ္စာပါ ဘုရား)။ မလာတာက (သမုဒယသစ္စာပါဘုရား)။

အင်း . . . ကျန်ရစ်တာက ဟောဒီ မဂ္ဂသစ္စာ (မှန်လှပါ ဘုရား)။ ပေါ်တာက နိရောဓသစ္စာ၊ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။ သဘောပါပလား . . . (ပါ ပါတယ်ဘုရား)။

အဲဒါ . . . သုခါဝဟ်-နိဗ္ဗာန်ကို ဆောင်၏ ဆိုတော့ သမုဒယလဲချုပ်တယ်၊ ဒီ ကဒုက္ခ၊ ဇာတိ၊ ဇရာ၊ မရဏာလဲ ချုပ်တယ်ဆိုတော့ တဏှာနိရောဓော နိဗ္ဗာန်၊ တဏှာနိရောဓော နိဗ္ဗာန်ဆိုတော့ ဒီက နိဗ္ဗာန်ချမ်းသာနှစ်ခု သွားပေါ်တယ် (မှန် လှပါဘုရား)။ ဟောဒီ မဂ်နောက်က မပေါ်ဘူးလား (ပေါ်ပါ တယ်ဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဟောလို့တော့ ကောင်းတယ်။ နာရီကစေ့နေပြီ။

ဒီနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု

♣♣♣♣♣